ပဋ္ဌိတာနဉ္စ သေဝနာ ဧတံမင်္ဂလမုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၀)၊ အမှတ်(၃၅၇)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတ၏အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatasအား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Wyoso Prodijowarsito လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ တာဝန်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ်၊ ၁၁/၂၀၀၃)
၁၃၆၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ
တာဝန်ပေးအပ်ခြင်း

အမျိုးသားညီလာခံကို စနစ်တကျ အောင်မြင်ချောမောစွာ ဆက်လက်ကျင်းပနိုင်ခြင်းငှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်လိုက်သည်။

(၁)	ဦးအေးမောင် ရှေ့နေချုပ်	အဖွဲ့ဝင်
(၂)	ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်	အဖွဲ့ဝင်
(၃)	ဦးသောင်းညွန့် ဥပဒေအကြံပေး	အဖွဲ့ဝင်
(၄)	ဗိုလ်မှူးချုပ်စိုးမောင် စစ်ဥပဒေချုပ်	အဖွဲ့ဝင်
(၅)	ဗိုလ်ချုပ်ကျော်ဝင်း ကာကွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၆)	ဦးသိန်းစိန် ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၇)	ဦးသိန်းစိုး ဒုတိယတရားသူကြီးချုပ်	အဖွဲ့ဝင်
(၈)	ဒေါက်တာထွန်းရှင် ဒုတိယရှေ့နေချုပ်	အဖွဲ့ဝင်
(၉)	ဒေါက်တာတင်အောင်အေး တရားရုံးချုပ် တရားသူကြီး	အဖွဲ့ဝင်
(၁၀)	ဗိုလ်မှူးချုပ်သန်းထွန်း ကာကွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၁)	ဗိုလ်မှူးချုပ်ဉာဏ်ဝင်း မဟာဗျူဟာဌာန	အဖွဲ့ဝင်
(၁၂)	ဒုတိယဗိုလ်မှူးကြီး ကိုကိုလှိုင် သုတေသနဌာနခွဲ ကာကွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၃)	ဦးမြင့်သိန်း ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံး	တွဲဖက်အတွင်းရေးမှူး(၂)

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်စွာ ဖော်ဆောင်နိုင်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အင်တိုက်အားတိုက်ပူးပေါင်းပါဝင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သောလူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးပြီး စက်တင်ဘာ ၂၂ ရက် နံနက်က မန္တလေးတိုင်း မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ (လမ်း ၇၀နှင့် ၇၁ လမ်းကြား)ရှိ ဗထူးအားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးထွန်းက မိန့်ခွန်းပြောကြားပြီး ပြည်ကြီးတံခွန်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်နိုင်ဦး တင်သွင်းသည့် **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေး** အဆိုကို မန္တလေးတက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာန ပါမောက္ခဒေါ်တင်တင်ဝင်းနှင့် မန္တလေးတိုင်း သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးထွန်းလှိုင်တို့က ထောက်ခံဆွေးနွေးခဲ့ကြသည်။

သဘာပတိ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးထွန်းက မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ကြားချက် အပိုင်းသုံးပိုင်းဖြစ်သည့် တပ်မတော်အစိုးရတာဝန်ယူခဲ့သည့် အချိန်ကာလမှစ၍ ယနေ့အထိ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဘက်စုံဖြစ်ထွန်းတိုးတက်လာမှု၊ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနှင့် လက်ရှိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ အရပ်ရပ်နှင့်အညီ နိုင်ငံတော်၏သမိုင်းကြောင်းအခြေခံများနှင့် မိမိတို့လူမျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်များ အပေါ်အခြေခံပြီး အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ခုနစ်ဆင့်တို့ကို ပြောကြားသွားသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အနက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံပြန်လည်ကျင်းပရေးသည် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး လုပ်ငန်းစဉ်ပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းညီလာခံကသာလျှင် နိုင်ငံတော်အတွက် အသက်သွေးကြောဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရန် အခြေခံမူများကို ချမှတ်နိုင်မည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ယင်းသို့လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကိုဖော်ဆောင်ရင်း တိုင်းရင်းသားပြည်သူအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး စည်းလုံးညီညွတ်စွာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက လူမှုရေး၊ စီးပွားရေး အခြေခံအဆောက်အအုံများကို တည်ဆောက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်သော လမ်းမကြီးများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးရုံကြီးများစသည့် ဖွံ့ဖြိုးရေးအခြေခံများကို တစ်နိုင်ငံလုံးဖြန့်ကြက်နိုင်အောင် နေ့မအား၊ ညမနား ကြိုးပမ်းတည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး GDP ကို ဦးမော့အောင် ဆောင်ရွက်နိုင်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်ခဲ့သည်။ ထို့ပြင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ စသည့် ကဏ္ဍအသီးသီးတွင် ထူးထူးခြားခြား အောင်မြင်မှုများရရှိနေသည်ကို တွေ့ကြရမည်ဖြစ်သည်။

ယင်းကဲ့သို့ အခြေခံကောင်းများ ပေါ်ထွန်းလာခြင်းမှာ လွယ်လွယ်ကူကူဖြင့်မဟုတ်ဘဲ နည်းအမျိုးမျိုးဖြင့် ပိတ်ဆို့ဟန့်တားမှုများ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ အခက်အခဲအကျပ်အတည်းများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကို ကျော်လွှားရင်း ခက်ခက်ခဲခဲ ကြိုးပမ်းဖော်ဆောင်ခဲ့ရခြင်းဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် ပကတိအရှိတရားများနှင့် လိုက်လျောညီထွေဖြစ်သည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို အောင်မြင်စွာ ဖော်ဆောင်ကြရာတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကျရာ အခန်းကဏ္ဍက ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေါကလိုဦးကျေးရွာဆေးပေးခန်းအဆောက်အအုံသစ်ဖွင့်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ချိုကယ်ကျေးရွာအုပ်စု ဒေါကလိုဦး ကျေးရွာ ဆေးပေးခန်း အဆောက်အအုံသစ် ဖွင့်ပွဲသို့တက်ရောက်အားပေးသည်။ အခမ်းအနားတွင် ခေတ္တ ပြည်နယ် ကျန်းမာရေးမှူး ဒေါက်တာထွန်းအေးက ဆေးခန်းသုံးပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာဆေးပေးခန်း အဆောက်အအုံကိုပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ခေတ္တပြည်နယ်ကျန်းမာရေးမှူးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းကိုကျေးရွာမူလတန်းကျောင်းခန်းမ၌ ပြုလုပ်ရာ ဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ခေတ္တ ပြည်နယ်ကျန်းမာရေးမှူးတို့ကဆေးခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာအလယ်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းပြုပြင်ရေး အလှူငွေနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေရီအိန်ဂျယ်လာက လက်ခံရယူ၍ ရပ်မိရပ်ဖ ဦးအိုက်ဇက်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက်ဝန်ကြီးသည် ကျေးရွာဆေးပေးခန်းသို့သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့နယ် လင်ဖုံလေး ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ ဆေးပေးခန်း ဆောက်လုပ်ရန် မြေနေရာကို ရွေးချယ်သတ်မှတ်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လွိုင်ကော်မြို့နယ် ကျွန်းအထူး စံပြစိုက်ခင်းသို့ရောက်ရှိပြီး ကျွန်းစိုက်ခင်း တည်ထောင်မှုနှင့်ပတ်သက်၍ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၁ ရက်က စမ်းချောင်းမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက် ပွဲရုံလုပ်ငန်းဖွင့်ပွဲကို ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့် ပွဲရုံလုပ်ငန်းတည်ရှိရာတွင် ကျင်းပစဉ်။ (၁၂၉)

နှလုံးလှစာပေတိုက်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၀၉၈၁ ကထုတ်ဝေ၍ ဦးလေးမြိုင် စီစဉ်သည့် ခမ္ဘရုံသီ ခမ္ဘ မဂ္ဂဇင်း အောက်တိုဘာလထုတ် မျက်နှာဖုံးပုံ။ (က-ပ)

မူကြိုကလေးများ ပုံဆွဲပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

Newcampus Language Centre မှ အသက်နှစ်နှစ်ခွဲမှ ငါးနှစ်အထိ မူကြိုကလေးများအတွက် အင်္ဂလိပ်စာ၊ မြန်မာ၊ သင်္ချာ၊ အက၊ ပုံဆွဲတို့ကို အသက်ပိုင်းခြား၍ Level 1/2/3 ခွဲ၍ သင်ကြားလျက်ရှိရာ Level-3မှ ကလေးများကို ပုံဆွဲပြိုင်ပွဲ ကျင်းပပေးခဲ့ပြီး ဆုရရှိသည့်ကလေးများအား ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာမဒေါ်လှသီတာက ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။

တန်းခွဲများကို ဆက်လက်သင်ကြားလျက်ရှိရာ စိတ်ဝင်စားသူများသည် အမှတ် ၂၈၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ၀၉-၈၀-၂၁၇၈၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကွန်ပျူတာနည်းပညာပြပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

KMDက ၂၀၀၃ ခုနှစ် စက်တင်ဘာလ ကွန်ပျူတာနည်းပညာပြပွဲကို စက်တင်ဘာ ၂၈ ရက်တွင် Strand Hotel မင်္ဂလာခန်းမ၌ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိကျင်းပမည်ဖြစ်ရာ နောက်ဆုံးပေါ် ကွန်ပျူတာနည်းပညာများ၊ Hardware ပိုင်းဆိုင်ရာပစ္စည်းများ၊Web and Software ဆိုင်ရာနည်းပညာများ၊ ကွန်ပျူတာနည်းပညာဆိုင်ရာ စာအုပ်များနှင့် ဒီဂျစ်တယ်နည်းပညာသုံး ကင်မရာများ၊ အိတ်ဆောင် Storage Device များ၊ MP3 Player စသည်တို့ကိုပါ ခင်းကျင်းပြသမည်ဖြစ်သည်။

နည်းပညာပြပွဲတွင် ကွန်ပျူတာတစ်စုံဝယ်ယူသူသည် ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းမှုသင်တန်း သို့မဟုတ် Introduction to Internet သင်တန်းကို KMDသင်တန်းကျောင်းတွင် အခမဲ့ တက်ရောက်နိုင်ရန် စီစဉ်ပေးထားသည်။ KMDကွန်ပျူတာ အရောင်းခန်းမကို အမှတ် ၅၅၀/၅၅၂၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ဖွင့်လှစ်ထားပြီး ၎င်းအပြင် ကွန်ပျူတာအရောင်း စင်တာခွဲများကို အမှတ် ၅၅/၅၇(ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်နှင့် အမှတ် ၁၈၊ ရွှေပုန်းညက်ရိပ်မွန်အိမ်ရာ၊ ရေကြောင်းသိပ္ပံအနီး၊ ကမာရွတ်မြို့နယ်တို့တွင် ဖွင့်လှစ်ထားရာ ဖုန်း- ၂၄၅၁၈၀၊ ၃၈၁၇၇၆၊ ၂၀၄၀၇၁၊ ၂၄၃၅၉၅၊ ၅၀၀၂၉၅ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။

(က-ပ)

နယ်လှည့်စာကြည့်တိုက်ဖွင့်

သီပေါ စက်တင်ဘာ ၁၅

သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲနှင့် လူထုတွင်း အသိပညာပေးဟောပြောပွဲများကို စီမံချက်ရေးဆွဲပြီး ကျေးလက်ဒေသများသို့ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက် နံနက်က ရွာသစ်ကျေးရွာ မူလတန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် ရွာသစ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းတူးလီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှောင်းတို့က ပြခန်းများကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (၁၀၆)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရွှေတံခါးကြီး ဖွင့်လိုက်ပြီ

ရတနာစည်ဆရာတော် (လွိုင်လင်)

(က)

ရွှေတံခါးကြီး ဖွင့်လိုက်ပြီ။ ဖွင့်လိုက်ပါပြီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက် နံနက် ၉နာရီခွဲအချိန်တွင် ဖွင့်လိုက်ခြင်း ဖြစ်ပါသည်။

လာပါလှည့်။ ရှင်ပျကြည်သာ ဝင်လာပါလှည့်။

(ခ)

ဤမြန်မာနိုင်ငံကား နှစ်ပေါင်းထောင်ချီလျက် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်း ခမ်းနားထည်ဝါစွာ ဖြစ်တည်လာသော နိုင်ငံဖြစ်၏။ ဗုဒ္ဓသာသနာ၏ အလင်းအောက်ဝယ် ဗုဒ္ဓအဆုံးအမအတိုင်း နာယကဂုဏ်ခြောက်ပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ မဂ္ဂင်တရား ရှစ်ပါး၊ သင်္ဂဟတရားလေးပါး၊ ဗြဟ္မစိုရ်တရား လေးပါး စသည့် အမွန်အမြတ် အရည်အသွေးတို့ကို ဆောင်ကြဉ်းကာ အုပ်ချုပ်သော မင်းစိုးရာဇာတို့၏ ဦးဆောင်မှုအောက်ဝယ် မင်္ဂလာတရား (၃၈) ပါး၊ ဗြဟ္မစိုရ်တရားလေးပါးတို့ကို ခံယူသော ပြည်သူတို့က တပေါင်းတစည်း သိပ်သည်းကျစ်လျစ်စွာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ သာသနာအကျိုးပွားတိုးအောင် စွမ်းဆောင်နိုင်ခဲ့ကြ၏။

ကမ္မနိယာမကို တိကျစွာသိမြင်ကြလျက် ဒါန၊သီလ၊ ဘာဝနာ ကျင့်ထုံးကို ကျင့်သုံးကြကာ အနန္တငါးပါးကို ဦးထိပ်ထားသည့်ပြင် ကြီးသူရိုသေ ရွယ်တူလေးစား ငယ်သူသနားဟူသော စိတ်ပိုင်းဆိုင်ရာ အရည်အသွေး ဖွေးဖွေးလက်နိုင်ငံတော်ဖြစ်ခဲ့၏။ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော အရေးအရာများတွင် နိုင်ငံသားအားလုံး တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း ထမ်းရွက်လေ့ရှိသော နိုင်ငံတော်ဖြစ်ခဲ့၏။

သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်တို့က နိုင်ငံ့ပညာရေးကို ငွေကြေး တစ်ပြားတစ်ချပ်မယူဘဲ တာဝန်ယူခဲ့သော နိုင်ငံတော်ဖြစ်ခဲ့၏။ နိုင်ငံသားတို့၏ အကျင့်စာရိတ္တ ပြည့်ဝတည့်မတ်ရေး၊ ကုသိုလ်ကျင့်ထုံးကျင့်နှုန်းမြင့်မားရေးတို့၌ ရဟန်းသံဃာတို့က ဦးဆောင်ထွန်းပြောင်ထိန်လင်းသော နိုင်ငံတော်ဖြစ်ခဲ့၏။ ထို့ကြောင့် ခေတ်ကာလ အလျောက် အောက်မကျ မျက်နှာမငယ် တင့်တယ်ထည်ဝါသော နိုင်ငံတော်ဖြစ်ခဲ့၏။

ယင်းသို့ မြင့်မားသော နိုင်ငံတော်ကို အရည်အသွေးတွေ ကျဆင်းဆုတ်ယုတ်သွားအောင်၊ အမျိုးဂုဏ် ဇာတိဂုဏ် မှိုင်းမှုန်မှိန်မှေးသွားအောင် ရည်ရွယ်ချက်ရှိရှိဖြင့် မသိမသာ ထိုးနှက်လာသူများကား နယ်ချဲ့များပင်ဖြစ်ခဲ့ပေရာ မသိမသာမှ သိသိသာသာကြီး ထင်ပေါ်လာချိန်တွင်မူ တစ်စုံတစ်ရာ ကာကွယ်ရန် လုံးဝနှောင်းသွားပြီ ဖြစ်ရကား ဤတွင် နယ်ချဲ့လက်အောက် ကျွန်သပေါက် ပြားမှောက်ကျရှုံးခဲ့ရသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ခဲ့၏။

နယ်ချဲ့တို့၏ ချော့မြှောက်မှုနှင့် ခြိမ်းခြောက်မှုဟူသော ကျည်နှစ်တောင့် ပစ်သွင်းခံရပြီး နောက်တွင်မူ---။

(ဂ)

ချော့မြှောက်မှု ကျည်ဆိပ်သင့်ခံရသူများက နယ်ချဲ့အလိုတော်ရိများ၊ နယ်ချဲ့ခြေရင်း ဝပ်စင်းသူများ၊ နယ်ချဲ့ထံ ခစားသူများဖြစ်သွားကြပြီး ခြိမ်းခြောက်မှုကျည်ဆိပ်သင့်ခံရသူများမှာမူ အကြောက်ဖိဝေဒနာ၊ အာရုံကြောပြတ်ရောဂါများ ဖြစ်ပွားခံရလျက် ညီအစ်ကိုရင်း အချင်းချင်းဟူသော အသိပင် မဲ့ပျောက်သွားရသည်အထိ မျိုးနွယ်စုများအတွင်း သွေးစိမ်းဝေဒနာ အပြင်းအထန်ခံစားခဲ့ကြရပါသည်။

ဒေါင်ဒေါင်မြည် ကျန်းမာနေသော ဘဝမှ ကျည်နှစ်တောင့် ပစ်သွင်းခံရမှုကြောင့် အသက်ယဲ့ယဲ့သာ ငွေ့ငွေ့လေးရှူနေရသည့် ဘဝဝယ် ထပ်မံ၍ နယ်ချဲ့တို့၏ 'ဆေးစမ်းသပ်မှုအမျိုးမျိုး' ကိုပါ အလူးအလဲခံခဲ့ရင်း မျိုးချစ်စိတ်နှင့် ညီညွတ်ခြင်းဟူသည့် ဗိန္ဒောဆေးတော်ကြီးကြောင့် မြန်မာနိုင်ငံ နာလန်ထူကာ ကံကောင်းစွာ လွတ်လပ်ရေးရခဲ့သော်လည်း---။

(ဃ)

ဂိုဏ်းဂဏစွဲ၊ ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ အစွဲဥပါဒါန်ပြင်းထန်ပေါက်ကွဲခြင်း ဆိုးကျိုးများ၊ ပါတီအချင်းချင်း၊ ဂိုဏ်းဂဏအချင်းချင်း၊ ဝါဒအချင်းချင်း၊ လူမျိုးအချင်းချင်း၊ ပုဂ္ဂိုလ်အချင်းချင်း ပြင်းထန်သော အာဃာတဆိုးကျိုးများ၊ ပြည်ပကိုဆရာတင် ပြည်ပအရှင်၏အစေခံကိုယ့်နိုင်ငံကို ပြန်ဒုက္ခပေးခြင်း ဆိုးကျိုးများ၊ လက်နက်ကိုင်သောင်းကျန်းခြင်းသာ ထွက်ပေါက်ဟုထင်သော ထွက်ပေါက်မှား ဆိုးကျိုးများစသည့်များ--များ--တို့ကြောင့် လွတ်လပ်ရေးခေတ် နှစ်လေးဆယ်ခန့် ကာလများတစ်လျှောက် မြန်မာသည် မြန်မာပီခဲ့၏လောဟု စစ်ကြောဖွယ် ဖြစ်ခဲ့ရပါလေ၏။

သည်ကာလများအတွင်း မြန်မာနိုင်ငံသည် ခေတ်နှစ်ခေတ်ကို ကျော်ဖြတ်ခဲ့ရ၏။ ပါတီစုံ ပါလီမန်ဒီမိုကရေစီခေတ်နှင့် တစ်ပါတီဆိုရှယ်လစ် ဒီမိုကရေစီခေတ်ဖြစ်၏။ ခေတ်နှစ်ခေတ်လုံးကို ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်လျှင် သူ့ခေတ်နှင့်သူ အကောင်းရောအဆိုးပါ ဒွန်တွဲနေသည်ကို မြင်ရ၏။ သို့သော် အကောင်းဘက်နည်းခဲ့၍ အဆိုးဘက်များခဲ့သည်ကား တကယ့် သမိုင်းမှန်ပေတည်း။

(င)

နိုင်ငံတစ်နိုင်ငံသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်အရသာလျှင် အနာဂတ်ခရီးကိုနှင်ရသော အစဉ်အလာနှင့်အညီ လွတ်လပ်ရေးအတွက် နိုင်ငံဖွဲ့စည်းပုံကို ဒရောသောပါး ရေးဆွဲခဲ့ကြရ၏။ အချို့ကိစ္စရပ်များ၌ လောလောဆယ် ငြင်းခုံခြင်းဖြင့် အချိန်ကုန်ခြင်း မဖြစ်ရလေအောင် ချိုထားခဲ့ကြရ၏။ မျှော်မှန်းချက်အားဖြင့် (၁၀)နှစ်အတွင်း တစ်နိုင်ငံလုံး စည်းလုံးညီညွတ်မှု သိပ်သည်းကျစ်လျစ်စွာ တည်ဖြစ်လာရန်ဖြစ်၏။ ထို့ကြောင့် ချိုထားမှု၊ လျှော့ထားမှု စသော အားနည်းချက်တို့ဖြင့်သာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပေါ်ပေါက်လာပြီး ပါလီမန်ဒီမိုကရေစီစနစ် ထွန်းကားခဲ့ပါသည်။

မူလမျှော်မှန်းရင်းအတိုင်း ဤခရီးအတွင်း ချိုထားမှုများကို တိုးနိုင်ပါသလော၊ လျှော့ထားမှုများကို တောင့်နိုင်ပါသလော။ မတိုးနိုင် မတောင့်နိုင်သည့်ပြင် တစ်စတစ်စ လျော့ရဲလာခဲ့ခြင်းဖြင့် ပြည်ထောင်စုကြီး ဖွာလန်ကြဲမည့် အဖြစ်မျိုး ကြုံတိုးခဲ့ရလေ၏။ ဤပါလီမန်ဒီမိုကရေစီခေတ်၌ ထင်ထင်ထင်းထင်း ရှင်းလင်းစွာမြင်နေရသည့် အားအနည်းဆုံးတစ်ရပ်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို သိပ်သည်း ကျစ်လျစ်အောင် မစွမ်းဆောင်နိုင်သည့်ပြင် တည်ရှိပြီး စည်းလုံးညီညွတ်မှုများသည်ပင် ဖရိုဖရဲ ဖွာလန်ကြဲနေခြင်းပင် ဖြစ်၏။

ဘယ်ပြည်နယ် ဘယ်မျိုးနွယ်စု၏ အကျိုးကိုမျှ ထိုက်ထိုက်တန်တန် ဖော်ဆောင်မပေးနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် လမ်းတံတားများ တည်ဆောက်မပေးနိုင်ခြင်း၊ ကျောင်း၊ ကောလိပ်များတိုးချဲ့ဖွင့်လှစ် မပေးနိုင်ခြင်း၊ ပြည်နယ်များရှိ ကျေးလက်ဒေသကိုထားဘိဦး၊ မြို့ပြများကိုပင် မြို့ပြနှင့်တူအောင် ဖော်ဆောင်မပေးနိုင်ခြင်းတို့ကြောင့် တိုင်းရင်းသားများ၊ မျိုးနွယ်စုများမှာ မျှော်လင့်ချက်သန်းခေါင်ယံ မလွန်မြောက်နိုင်ခဲ့ခြင်းသည် ထိုပါလီမန်ဒီမိုကရေစီ ခေတ်ကာလ၏ အားအနည်းဆုံး အားနည်းချက် ဖြစ်ခဲ့လေ၏။

ပါလီမန်ဒီမိုကရေစီခေတ်၏ ချိုမြိန်ခြင်းကို လျှာရင်းမြုပ်အောင် တမြိန့်မြိန့် ခံစားရသူအရေအတွက်မှာ လက်တစ်ဆုပ်စာသာရှိခဲ့ပြီး ထိုခေတ်၏ ခါးသီးမှု၌ စားပိုးနင့်နေသူများမှာ တိုင်းရင်းသား မျိုးနွယ်စုများအားလုံး ဖြစ်ခဲ့ရကြောင်း သမိုင်းမှန်ကို အမှန်အတိုင်း မြင်ကြရပါမည်။ ထို့ကြောင့်ပင် ထိုပါလီမန် ဒီမိုကရေစီခေတ်သည် တံတောင်ဆစ်ချိုးနှင့် ကြုံတိုးကာ ဒီမိုကရေစီကားကြီး မှောက်ခဲ့ရပါသည်။

(စ)

၁၉၆၂ခုနှစ်တွင် ဒီမိုကရေစီကားကြီး မှောက်လဲခဲ့ပြီးနောက် ၁၉၇၄ခုနှစ်တွင် ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသည် ဆိုရှယ်လစ်ကားကြီးကို ပြောင်းလဲ မောင်းနှင်ခဲ့ရပြန်၏။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပါတီစုံ ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းခဲ့သော မြန်မာနိုင်ငံသည် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရပင် ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းလာခဲ့၏။ ထိုခေတ်၏ ထိုအစိုးရသည် ကာလယန္တရားကို မောင်းနှင်ခဲ့ရင်း အားသာချက်၊အားနည်းချက်၊ကောင်းကွက်၊ဆိုးကွက်တို့ကို ဖြတ်သန်းခဲ့ရာ၌ ပြည်သူ့အားဖြင့် ပြည်သစ်တည်ရမည့်အစား ပြည်သူ့အား၏ ပြုန်းတီးမှုများကြောင့် ထင်သလို ခရီးမပေါက်နိုင်ခဲ့။ ဗဟိုချုပ်ကိုင်မှု များသလို ဗဟိုအပေါ် တွဲခိုမှုများလွန်းသော ဖြစ်စဉ်များကြောင့်လည်းကောင်း၊ လက်ဝဲအချောင်ဝါဒဖြင့် မျှောလိုက်မှု ဖြစ်စဉ်များကြောင့် လည်းကောင်း၊ သောင်းကျန်း ထူပြောမှု ဖြစ်စဉ်များကြောင့်လည်းကောင်း သားစဉ်မြေးဆက် ပြောထုံးဖြစ်ရစ်မည့် တည်ဆောက်မှု အထင်ကရများ ကြီးကြီးမားမား ပေါ်ထွန်းမလာနိုင်ခဲ့ချေ။

မှောင်ခိုကုန်သွယ်မှုဖြစ်ပေါ်လာခြင်း၊ ယင်းကတစ်ဖက်တစ်လမ်းအားဖြင့် သောင်းကျန်းသူများကို အားပေးရာရောက်နေခြင်း၊ မှောင်ခိုကုန်သွယ်မှုလမ်းမှ ဘိန်းနှင့်လူမှောင်ခို ကုန်သွယ်မှုလမ်းခွဲ ဖြစ်ပေါ်လာခြင်း၊ မှောင်ခိုကုန်သွယ်မှုလမ်းမှပင် တစ်ဖက်နိုင်ငံသို့ အလွယ်သွားရောက်၍ ရရာအလုပ် ဝင်လုပ်သော အနိမ့်ခံလုပ်သားဘဝလမ်းခွဲဖြစ်ပေါ်လာခြင်း စသည်တို့ဖြင့် ကသောင်းကနင်းဘဝ ကျရောက်ခဲ့ရလေ၏။ စီးပွားရေး ချွတ်ခြုံကျလာမှု၊ နိုင်ငံရေးနုန့်နဲ့လာမှု၊ လူမှုရေးအေးစက်လာမှုတို့နှင့်အတူ ပြည်သူတို့၏ စိတ်ဓာတ်ရေးရာများပါ ထိခိုက်ချည့်နဲ့ရမှုတို့ အထင်အရှား ဖြစ်ပေါ်နေလေ၏။

လုပ်ငန်းလုပ်ကွက်များ မရှိသည့်အတွက် ပြည်သူများမှာ ခွဲတမ်းနှင့်မှောင်ခိုကိုသာအားကိုးနေရခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု အပေါ်ယံရောင်ပြေးမျှ မှေးမှေးထင်ခြင်း၊ သောင်းကျန်းမှုထူပြောပုံမှာ နယ်ကွက်ကွက်လေးတစ်ကွက်ထဲ၌ပင် သောင်းကျန်းသူ နှစ်ဖွဲ့မှ ငါးဖွဲ့အထိ များပြားစွာရှိနေခြင်းတို့က တိုင်းပြည်ဂုဏ်ကို သုန်မှုန်စေလေ၏။

ထို့ကြောင့် ၁၉၈၈ ခုနှစ် နှစ်လယ်လွန်ကာလများဝယ် အစိုးရ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းသွားသည်အထိ ဖြစ်ခဲ့ရကာ နိုင်ငံကို မည်သည့်အဖွဲ့အစည်းကမှ ပဲ့မကိုင်နိုင်သော အခြေအနေ ရောက်သွားခဲ့ရ၏။သည်အတိုင်းဆိုလျှင် မြန်မာနိုင်ငံလှေကြီး မကြာမီမှာ ဝဲဂယက်အတွင်း မြုပ်ဆင်းသွားပေတော့မည်။

(ဆ)

သည်တွင် ယနေ့တပ်မတော်အစိုးရ တက်လာခဲ့ရ၏။

အမှန်တော့ တပ်မတော်အစိုးရသည် အာဏာမက်ကာ အစီအစဉ်ရှိရှိ တက်လာခြင်းမဟုတ်ကြောင်းနှင့် အခြေအနေ အရပ်ရပ်၏ တောင်းဆိုမှုကြောင့်သာ တိုင်းပြည်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် တက်လာရခြင်းဖြစ်ကြောင်းကို အောက်၌ ဖော်ပြမည့် လေ့လာတွေ့ရှိချက်များက သက်သေစကား ဆိုနေလေ၏။

၁၉၈၈ ခုနှစ် မတ်လလောက်မှစ၍ ဆန္ဒပြမှုများ ကြိုးကြားကြိုးကြား ဖြစ်ပွားနေရာမှ ပိုမိုပြင်းထန်လာကာ ဇူလိုင်လအတွင်း လမ်းစဉ်ပါတီဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ ပါတီတာဝန်မှ နုတ်ထွက်ခြင်း၊ ပါတီဥက္ကဋ္ဌသစ် တက်လာပြီး နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခြင်း၊ ယင်းသမ္မတသစ်သည် ဩဂုတ်လ၌ နုတ်ထွက်ပြန်ကာ သမ္မတသစ်အဖြစ် ဒေါက်တာမောင်မောင် တက်ရောက်လာခြင်း ဟူသော ဖြစ်စဉ်များ၊ နိုင်ငံတော်သမ္မတသစ် ဒေါက်တာမောင်မောင်က စက်တင်ဘာလ ၁၁ ရက်တွင် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးကို သုံးလအတွင်း ကျင်းပပေးမည် ဖြစ်ကြောင်း ကတိပြုပြောကြားခြင်း၊ စက်တင်ဘာလ ၁၆ရက်တွင် တပ်မတော်အပါအဝင် ဝန်ထမ်းအားလုံး မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီအပါအဝင် မည်သည့် ပါတီအဖွဲ့အစည်းဝင်မျှ မဖြစ်စေရဟု အမိန့်ထုတ်ပြန်ပေးခြင်း၊ ယင်းအမိန့်ဖြင့် ဝန်ထမ်းများအားလုံး ရွေးကောက်ပွဲ ကျင်းပသောအခါ လွတ်လပ်စွာ စိတ်ကြိုက်မဲဆန္ဒပေးနိုင်ခွင့်ရရှိသွားခြင်းဟူသော ဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပေါ်လာသကဲ့သို့ အခြားတစ်ဖက်သို့ကြည့်လျှင် ဤသို့ မြင်နေရပြန်၏။

ဤကာလများအတွင်း ပြဋ္ဌာန်းထားသော စစ်ဥပဒေကို သမ္မတ ဒေါက်တာမောင်မောင်က ရုပ်သိမ်း ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဆန္ဒပြဆူပူအော်ဟစ်မှုများ အုန်းအုန်းကျွက်ကျွက် ဖြစ်ပွားလာခြင်း၊ ယင်းတို့အထဲ၌ ယခင်ပါလီမန်ခေတ် ခေါင်းဆောင်အချို့၊ ယခင်တပ်မတော်တာဝန်ကြီးကြီးယူခဲ့ကာ တပ်မတော်မှ ထွက်ပြီးသူအချို့တို့နှင့် မိမိ၏ မိသားစုကိစ္စဖြင့် နိုင်ငံခြားမှ ခေတ္တရောက်လာသူတို့က ခေါင်းဆောင်များအဖြစ် ထင်ပေါ်လာပြီး ထိုအထဲမှ ဩဂုတ်လ ၂၈ရက်တွင် ဖွဲ့စည်းခဲ့သော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ နာယက ဦးနုက စက်တင်ဘာ၉ရက်၌ သူသာလျှင် တရားဝင် ဝန်ကြီးချုပ်ဖြစ်ကြောင်း ကြေညာကာ စင်ပြိုင်အစိုးရ ဖွဲ့စည်းခြင်း၊ စက်တင်ဘာလ ၁၃ရက်၌ ဗကပ ဗဟိုကော်မတီက တည်ဆဲအစိုးရ လုံးဝဖျက်သိမ်းပေးပြီး ရွေးကောက်ပွဲ ကျင်းပပေးရေး ကြေညာချက် ထုတ်ပြန်ခြင်း၊ အချို့အဖွဲ့များက ကြားဖြတ်အစိုးရဖွဲ့ရေး တောင်းဆိုခြင်း။

စက်တင်ဘာလ ၁၃ရက်၌ပင် ဒုတိယကာကွယ်ရေး ဦးစီးချုပ် (လေ) နှင့် (ရေ)တို့၏ လက်မှတ်တုများဖြင့် လက်ရှိအစိုးရအဖွဲ့ ဖျက်သိမ်း၍ ကြားဖြတ်အစိုးရ ဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေညာပေးရန် တောင်းဆိုချက် ထွက်ပေါ်လာခြင်း၊ စက်တင်ဘာလ ၁၃ရက် ၁၃:၀၀နာရီ နောက်ဆုံးထား၍ လက်ရှိအစိုးရက ကြေညာချက် ထုတ်ပြန်မပေးလျှင် ရေတပ်မှ အမြောက်နှင့် ပစ်ခတ်ကာ လေတပ်က ဗုံးကြဲတိုက်ခိုက်မည်ဟူသော ကောလာဟလများ ပြန့်ပွားနေခြင်း၊ တပ်မတော်ကို သွေးခွဲမှုများ ထင်ထင်ရှားရှား ဖြစ်ပေါ်နေခြင်း၊ ဤကာလများအတွင်း မြို့နယ်တိုင်း၌ ဆန္ဒပြ ဆူပူအော်ဟစ်ရုံမကတော့ဘဲ အတေးအငြိုးများ၊ လုပ်ကြံဖန်တီးမှုများဖြင့် လမ်းမပေါ်လူလယ်ကောင် နေ့ခင်းကြောင်တောင်၌ပင် ခေါင်းဖြတ် လူသတ်ပြနေသည်အထိ ရိုင်းစိုင်းစွာ အကြမ်းဖက်လာကြခြင်း၊ စက်ရုံအလုပ်ရုံများကို ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများ နေ့ခင်းကြောင်တောင်၌ပင် သယ်ထုတ်ခိုးယူလာကြခြင်း။

လမ်းစဉ်ပါတီအစိုးရ အာဏာစက်လုံးဝကျဆုံးကာ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကမှ လုံခြုံရေးတာဝန် မယူနိုင်တော့သဖြင့် ပြည်သူများမှာ နေ့ရောညပါ ထိတ်လန့်တကြား ကျီးလန့်စာစား ကြောက်လန့်ခံစားနေကြရခြင်း၊ အသက်အိုးအိမ်စည်းစိမ် အန္တရာယ်များ အဆက်မပြတ် ကျရောက်နေခြင်း၊ ရပ်ကွက်အချို့၊ လမ်းအချို့ ကိုယ့်အစီအစဉ်နှင့်ကိုယ်လုံခြုံရေးဆောင်ရွက်နေသော်လည်းတကယ်တမ်း မလုံခြုံခြင်း၊ အချို့မြို့နယ်၊ အချို့ရပ်ကွက်များမှ ပြည်သူများ နီးစပ်ရာတပ်ရင်းတပ်ဖွဲ့များသို့သွားရောက်၍ မိမိတို့အား စောင့်ရှောက်ပါရန် အပ်နှံကြခြင်း၊ စက်တင်ဘာလ ၁၃ရက်၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရဟန်းရှင်လူ ပြည်သူလူထုနှင့်တပ်မတော်သားများထံ အသံလွှင့်တင်ပြချက်ထုတ်လွှင့်ရာ တပ်မတော်ကို မဖြိုခွဲပါရန်နှင့် ပါတီအဖွဲ့အစည်းများအကြား ဖြစ်ပွားနေသော စင်ပြိုင်အစိုးရပြဿနာ၊ ကြားဖြတ်အစိုးရပြဿနာ၊ ရွေးကောက်ပွဲပြဿနာစသည်တို့ကို မိမိတို့အချင်းချင်း ပြေပြေလည်လည် ဖြေရှင်းကြပါရန် မေတ္တာရပ်ခံပန်ကြားခြင်းစသော ဖြစ်စဉ်များကို တွေ့မြင်ရလေ၏။

တစ်ဖန် တပ်မတော်ဘက်သို့ကြည့်လျှင် တပ်မတော်သည် ယခင်ကာလများက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရကို သစ္စာခံခဲ့သော်လည်း စက်တင်ဘာလ ၁၆ရက်မှစ၍ မည်သူ့သစ္စာခံမျှမဖြစ်တော့ဘဲ နိုင်ငံတော် ကာကွယ်ရေးကိုသာသစ္စာခံလျက် မိမိခြေပေါ် မိမိရပ်တည်လာခြင်း၊ ထိုအချိန်မှစ၍ တပ်မတော်သည် တည့်မတ်စွာရပ်တည်လာခြင်း၊ ပါတီအဖွဲ့အစည်းများအကြား တစ်လုံးတစ်ပါဒမျှ ပါဝင်ခြင်းမပြု၊ တစ်စွန်းတစ်စမျှ ပတ်သက်ခြင်းမပြုဘဲ တည်ရှိလာခြင်း၊ တိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်း လက်နက်ကိုင် သောင်းကျန်းသူများနှင့် ထိတွေ့နေရမှု အပေါ်၌သာ အာရုံစူးစိုက်နေရခြင်းနှင့် တပ်မတော်ကို မထိပါးရန်၊ သွေးမခွဲရန် မေတ္တာရပ်ခံနေခြင်း စသည်တို့ကို တွေ့မြင်ရ၏။

လမ်းစဉ်ပါတီအစိုးရပိုင်း၊ ဆန္ဒပြခေါင်းဆောင်ပိုင်းနှင့် တပ်မတော်ပိုင်း ဟူသော မျက်နှာပြင်သုံးခု၏ ထင်ဟပ်မှုများမှာ အထက်ပါအတိုင်းပင် ဖြစ်လေ၏။

ဤအချိန်၊ ဤအခြေအနေ၌ မြန်မာနိုင်ငံကို ဥပမာနှိုင်းရလျှင်"မြန်မာနိုင်ငံသည် အပ်ဖျားပေါ်၌ တင်ထားအပ်သော မုန်ညင်းစေ့သဖွယ်"ဟူ၍ပင်ဖြစ်၏။ စက္ကန့်မရွေး၊ မိနစ်မရွေး ထိုးကျနိုင်၏။ အပ်ကပင်လှုပ်လှုပ်၊ မုန်ညင်းစေ့ကပင် လှုပ်လှုပ် လှုပ်သည်နှင့် ပြုတ်ကျတော့မည် မုချ ဖြစ်တော့၏။ ။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်တို့အား အချုပ်အခြာအာဏာ အမြန်လွှဲပြောင်းပေးအပ်ရေး အမေရိကန်သို့မသွားမီ ပြင်သစ်သမ္မတ တွန်းအားပေးတိုက်တွန်း

နယူးယောက် စက်တင်ဘာ ၂၂

ပြင်သစ်သမ္မတ ဂျက်ရှီရက်သည် ဝါရှင်တန်သို့ တနင်္လာနေ့၌ ခရီးမထွက်မီ နာရီပိုင်းအလိုတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရတ်ပြည်သူများအား အချုပ်အခြာအာဏာအမြန်လွှဲပေးပြီး ခြောက်လမှ ကိုးလအတွင်း အာဏာအစစ်အမှန်ကိုပေးရန် အဆိုပြုပြောကြားလိုက်သည်။

စစ်ဘက်နှင့် အရပ်ဘက်ထိန်းချုပ်မှုဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်ရပ်ကို ရေးဆွဲခဲ့သော အမေရိကန်ပြည်ထောင်စုက သိမ်းပိုက်မှုအဆုံးသတ်ရေး တစ်စုံတစ်ရာ နောက်ဆုံးသတ်မှတ်ရက်ကို ကန့်ကွက်ထားပြီး အဖွဲ့ဝင် ၂၅ ဦးပါ အီရတ်အုပ်ချုပ်မှုကောင်စီက အချိန်ဇယား သတ်မှတ်သင့်ကြောင်း ပြောဆိုသည်။

နယူးယောက်တိုင်းမ်ကသမ္မတ ရှီရက်နှင့် တွေ့ဆုံမေးမြန်းရာ၌ မိမိအနေဖြင့် အမေရိကန်ရေးဆွဲသောဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာသုံးရန် အစီအစဉ်မရှိကြောင်း၊သို့သော်လည်းလက်ရှိပုံစံကို မိမိထောက်ခံဖွယ်မရှိဘဲ မဲမပေးဘဲနေမည်ဖြစ်ကြောင်း ရှီရက်က ပြောဆိုသည်။

အမေရိကန်အစိုးရသည် အဆိုပြုချက်မူကြမ်းများကို ရေးသားထုတ်ပြန်ထားသော်လည်း ဆုံးဖြတ်ချက်တစ်ရပ်ကို တရားဝင်ထုတ်ဖော်အသိပေးခြင်းမရှိသေးပေ၊ အမေရိကန်အရာရှိများက ပြန်လည်စိစစ်တည်းဖြတ်နေကြောင်း ပြောဆိုကြသည်။

အမေရိကန်ပြည်ထောင်စုက ရေးဆွဲထားသော ဆုံးဖြတ်ချက် မူကြမ်း၏ အဓိကရည်ရွယ်ချက်မှာ နောက်ထပ်နိုင်ငံခြားတပ်များကို အီရတ်သို့ လွှတ်ရေးဆွဲဆောင်မည့်၊ အမေရိကန်ဦးဆောင်မှုအောက်တွင် ထားရှိမည်ဖြစ်သော ကုလသမဂ္ဂအာဏာရှိသည့် နိုင်ငံစုံတပ်ဖွဲ့ရရှိရေးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နိုင်ငံ တီကရစ်မြို့မြောက်ပိုင်းရှိ ဘေဂျီးမြို့ ရေနံချက်စက်ရုံတစ်ခုရှေ့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြို့ပြရဲလုပ်ငန်းများအားလုံး အီရတ်ပြည်သူ့စစ်များထံလွှဲရန်အဆိုပြု

ဆာလာဟူဒင် စက်တင်ဘာ ၂၀

အီရတ်ခေါင်းဆောင် ငါးဦးတို့က လုံခြုံရေးစီမံချက်သစ်တစ်ရပ်ကိုညှိနှိုင်းသဘောတူထားသည်။ အဆိုပါလုံခြုံရေးစီမံချက်အရ အမေရိကန်တပ်ဖွဲ့ဝင်အများစုသည် ၎င်းတို့၏တပ်စခန်းများကို ရုပ်သိမ်းပေးရမည်ဖြစ်ပြီး နေ့စဉ်မြို့ပြအုပ်ချုပ်ရေးဆိုင်ရာရဲအလုပ်များကို ပြည်ထဲရေးဝန်ကြီးဌာနသစ်အောက်မှ အီရတ်ပြည်သူ့စစ်များထံ တာဝန်ပေးရမည်ဖြစ်သည်။

ပြောကြား

ရှေ့တန်းသိမ်းပိုက်ရေးတပ်ဖြစ်ရန် ကြိုးပမ်းခြင်းဖြင့် အမေရိကန်တပ်များသည် အမှားများကိုပြုလုပ်ကြောင်းဖြင့်အီရတ်ခေါင်းဆောင်များအား လက်ခံညှိနှိုင်းပေးမည့် ကာ့ဒ်ခေါင်းဆောင် မာဆွတ်ဘာဇာနီက ပြောကြားလိုက်သည်။

ဆောင်ရွက်မည်

အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် ရဲတပ်သားသဖွယ်တာဝန်ယူရသည့် လုပ်ငန်းတာဝန်များကို အီရတ်ပြည်သူ့စစ်များထံ အမြန်လွှဲပေးရန်လိုအပ်ကြောင်း၊ အီရတ်ပြည်သူ့စစ်များက နိုင်ငံအတွင်း ဒေသအနှံ့တွင် သင့်လျော်သော လုံခြုံရေးအစီအစဉ်များကို အီရတ်မြို့ပြနှင့် လူမျိုးစုခေါင်းဆောင်များနှင့် ညှိနှိုင်းချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မာဆွတ်ဘာဇာနီက ပြောဆိုသည်။

ယင်းအဆိုပြုချက်ကို လာမည့်ရက်အနည်းငယ်အတွင်း အမေရိကန်အရာရှိများထံ ပေးပို့မည်ဟုသိရသည်။

စဉ်းစားရန်

ပြဿနာမှာပြည်သူ့စစ်များအနေဖြင့် ယင်းတာဝန်ကိုမည်သို့ပူးပေါင်းဆောင်ရွက်မည်နည်း၊ ထိုပြင်ပြည်သူ့စစ်များရှေ့ထွက်လာခြင်းဖြင့် စစ်ခေါင်းဆောင်များအုပ်ချုပ်ရေးကို အားပေးသလိုဖြစ် မဖြစ် စဉ်းစားရန်ဖြစ်လာသည်ဟု ဆိုသည်။ **(အင်တာနက်)**

နှစ်နေရာ၌ အီရတ်ပြောက်ကျားများ တိုက်ခိုက်မှု အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ၁၃ဦးဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံ၌ အမေရိကန်ကျူးကျော်တပ်ဖွဲ့ဝင်များ နောက်ဆုံးတိုက်ခိုက်ခံရမှုတွင် နှစ်ဦးမှာ မော်တာများဖြင့်တိုက်ခိုက်ခံရ၍ သေဆုံးခြင်းဖြစ်ပြီး တတိယတစ်ဦးမှာ လမ်းဘေး၌ထောင်ထားသော ဗုံးပေါက်ကွဲထိမှန်သဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်မှ တာဝန်ရှိသူများက တနင်္လာနေ့က ပြောကြားသည်။

အမှောင်ထုကို အကာအကွယ်ယူ၍ အီရတ်ပြောက်ကျားများသည် အမေရိကန်တပ်ဖွဲ့ဝင်များ တာဝန်ယူစောင့်ကြပ်လျက်ရှိသည့် ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ အဘူဂျာရက် အကျဉ်းစခန်းကို စနေနေ့ညက မော်တာ နှစ်လုံးဖြင့်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

သေဆုံး

ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရသွားကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ သေဆုံးသွားသူများမှာ စစ်ရဲများဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထိခိုက်မှုမရှိ

ယင်းတိုက်ခိုက်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းထားသူများ ထိခိုက်မှုမရှိဟုလည်း သူမက ပြောဆိုသည်။

ဩဂုတ်၁၇ရက်က အကျဉ်းစခန်းကို မော်တာများဖြင့် တိုက်ခိုက်ခဲ့ရာတွင် အီရတ်ခြောက်ဦးသေဆုံးပြီး ၅၉ဦးဒဏ်ရာရခဲ့သည်။

ဖော်ပြ

အခြားဖြစ်စဉ်တစ်ခုမှာ ထိုစနေနေ့ညကပင် အမှတ်(၃) သံချပ်ကာ တပ်ရင်းမှ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသည် ၎င်း၏စစ်ယာဉ်ကို ဗုံးတစ်လုံးထိမှန်မှုကြောင့် သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားသည်။

၇၉ ဦးရှိပြီ

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးသွားသဖြင့် မေ ၁ ရက်၌ အဓိကစစ်ပွဲကြီး အီရတ်၌ပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာပြီးနောက်ပိုင်း ရန်လိုတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၇၉ ဦးအထိ ရှိလာပြီဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

စက်တင်ဘာ ၂၂ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ ဗလီတစ်ခုရှေ့တွင် ရှီးယားမွတ်စလင်များက ဝတ်ပြုဆုတောင်းပြီးနောက် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ရေး၌ကြိုတင်လက်ဦးမှုယူသည့် သမ္မတဘုရှ်၏အယူဝါဒ ကုလသမဂ္ဂကို အခြေခံကျကျစိန်ခေါ်ခြင်းဖြစ်ဟု ကိုဖီအန်နန်သတိပေး

ကုလသမဂ္ဂ စက်တင်ဘာ ၂၃

အမေရိကန်သမ္မတဂျော့ဘုရှ်၏ စစ်ရေးအရကြားဝင်မှု၌ ကြိုတင်လက်ဦးမှုယူသည့် အယူဝါဒသည် ကုလသမဂ္ဂကို အခြေခံကျကျ စိန်ခေါ်ခြင်းဖြစ်ကြောင်းနှင့် တစ်ကမ္ဘာလုံးကို ဝရုန်းသုန်းကားထင်ရာကြဲစေနိုင်ကြောင်း အမေရိကန်သမ္မတဂျော့ဘုရှ်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအန်နန်က သတိပေးလိုက်သည်။

အမေရိကန်သမ္မတဘုရှ် ကုလသမဂ္ဂတွင် အင်္ဂါနေ့က မိန့်ခွန်းမပြောမီ ကိုဖီအန်နန်က ပြောကြားရာ၌ ထိုသို့သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုကို ရည်ညွှန်းခြင်းမရှိဘဲ ကိုဖီအန်နန်က ပြောကြားရာ၌ အဖွဲ့ဝင် ၁၉၁ နိုင်ငံရှိသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အီရတ်စစ်ပွဲနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်ခဲ့သည့်စိတ်ဝမ်းကွဲမှုများကို ကုစားရန် ကြိုးပမ်းနေကြကြောင်း ပြောဆိုသည်။

သမားရိုးကျမဟုတ်သော လက်နက်စနစ်ကို ကြိုတင်လက်ဦးမှုရရန် နိုင်ငံများအနေဖြင့် တပ်အင်အား အသုံးပြုခွင့်ရှိသည်ဆိုသော အမေရိကန်ပြည်ထောင်စု၏ အကြောင်းပြပြောဆိုချက်ကို မစ္စတာအန်နန်က မေးခွန်းထုတ်ထားသည်။

မိမိစိုးရိမ်ပူပန်သည်မှာ အကယ်၍ ယင်းအယူဝါဒကို လက်ခံကျင့်သုံးခဲ့လျှင် တစ်ဖက်သတ်နှင့် ဥပဒေမဲ့တပ်အင်အားများ သုံးစွဲမှုအစဉ်အလာ ပြန့်ပွားလာနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ကိုဖီအန်နန်က ပြောကြားသည်။

ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းတွင် စစ်ရေးဆောင်ရွက်မှုကို ကိုယ်ပိုင်ကာကွယ်ရေးအတွက်သာ ခွင့်ပြုထားကြောင်း ကိုဖီအန်နန်က ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

စစ်ပြီးကာလအီရတ်တည်ဆောက်ရေး ကုလဦးဆောင်ရန် ဂျီ ၂၄ အုပ်စုတိုက်တွန်း

ဒူဘိုင်း စက်တင်ဘာ ၂၂

အီရတ်နိုင်ငံငြိမ်းချမ်းရေး ပြန်လည်ရရှိရေးနှင့် ပြန်လည်တည်ဆောက်ရေးတွင် ဦးဆောင်အခန်းကဏ္ဍမှ လှုပ်ရှားဆောင်ရွက်သွားရန် ဖွံ့ဖြိုးဆဲ ၂၄ နိုင်ငံအုပ်စု ဘဏ္ဍာရေးဝန်ကြီးများက စနေနေ့တွင် တိုက်တွန်းလိုက်ကြသည်။

ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ် ဆောင်ရွက်သွားရန်တွင် နိုင်ငံတကာဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများက ပြင်ဆင်နေသည့် အပြုသဘောဆောင်သော ကဏ္ဍကြောင့် ဘဏ္ဍာရေးဝန်ကြီးများ အားတက်သရော ဖြစ်ရသည်ဟု အစည်းအဝေးအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ လက်ဘနွန် ဘဏ္ဍာရေးဝန်ကြီး ဖိုဟ္ဝာဒ် ဆီနီဂိုရာက ပြောကြားသည်။

မျှော်လင့်

အီရတ်ပြည်သူများနှင့် ဒေသတစ်ခုလုံးသုခချမ်းသာဖြစ်စေရန်အတွက် တိုးတက်အောင်မြင်မှုများရရှိရေးကို ဝန်ကြီးများက မျှော်လင့်ကြောင်း ဆီနီဂိုရာက ပြောဆိုသည်။

ပြုလုပ်

ဂျီ ၂၄ အုပ်စု အစည်းအဝေးကို ကမ္ဘာ့ဘဏ်အုပ်စုနှင့် နိုင်ငံတကာဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့အစည်းနှင့် မဆိုင်ဘဲ စနေနေ့၌ ဒူဘိုင်းတွင် ပြုလုပ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြ

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ဇူလိုင် ၂၀ ရက်က ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့သော ရှီးယားဘာသာရေးခေါင်းဆောင် မူတာဒါအယ်ဆာဒါ၏ ဓာတ်ပုံကို ကိုင်ဆောင်ပြီး အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်တစ်ဦးကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာရာဇီးနိုင်ငံက အီရတ်သို့ တပ်ဖွဲ့များ မစေလွှတ်

ရီယိုဒီဂျနေရိုး စက်တင်ဘာ ၂၁

ဘာရာဇီးနိုင်ငံ ကာကွယ်ရေးဝန်ကြီးဂျိုဆေးဗီးဂက်က ဘာရာဇီးနိုင်ငံသည် အီရတ်တွင် ဖြစ်ပေါ်နေသော ခက်ခဲသည့် လုံခြုံရေးအခြေအနေများကြောင့် ဘာရာဇီးတပ်ဖွဲ့များကို အီရတ်သို့စေလွှတ်နိုင်မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်က ဘာရာဇီးနိုင်ငံကို အီရတ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုများပြုလုပ်ရန်အတွက် တပ်ဖွဲ့များ စေလွှတ်ပေးရန် တောင်းခံခဲ့သည်ကို ဘာရာဇီးဝန်ကြီးက အထက်ပါအတိုင်း ကြာသပတေးနေ့က ပြန်ကြားခဲ့ခြင်းဖြစ်သည်။

အစိုးရအား ဖြုတ်ချခဲ့ပြီးနောက် ဝင်ရောက်သိမ်းပိုက်ခဲ့ကြသော အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့များသည် ခက်ခဲသော အခြေအနေများနှင့် ရင်ဆိုင်နေရသည်၊ နေ့စဉ်လိုလို သိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များမှာ သေကျေ ဒဏ်ရာရရှိနေကြသည်။

သေကျေဒဏ်ရာရ

အဆိုပါကြေညာချက်သည် ဘာရာဇီးသမ္မတလူးဝစ်အင်နာစီရိုလူလာဒီဆီးဗားက အမေရိကန်သမ္မတဘုရှ်နှင့်ဝါရှင်တန်မြို့၌ မတွေ့ဆုံမီ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဘာရာဇီးနိုင်ငံသည် အီရတ်စစ်ပွဲကို ဆန့်ကျင်သော နိုင်ငံဖြစ်သည်။ အီရတ်နိုင်ငံတွင် ဆက်ဒမ်၏

ပြောကြား

ဘာရာဇီးတပ်ဖွဲ့များကိုထိုအခြေအနေမျိုးနှင့် ကြုံတွေ့ရမည်ကို မလိုလားကြောင်း၊ ဘာရာဇီးပြည်သူများအနေဖြင့် တပ်ဖွဲ့များ အီရတ်သို့ ဘာကြောင့်မစေလွှတ်ရသည်ဆိုသော အချက်ကို နားလည်ကြမည်ဖြစ်ကြောင်းဝန်ကြီးဗီးဂတ်က ပြောကြားသွားသည်။**(အင်တာနက်)**

အီရတ်မြောက်ပိုင်းနှင့် အလယ်ပိုင်း၌ ဖြစ်ပွားသော တိုက်ခိုက်မှုများ အမေရိကန်တပ်ဖွဲ့ဝင်များ ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံရ

ဖော်လူဂျာ စက်တင်ဘာ ၂၁

အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်း၌ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ဖော်လူဂျာမြို့၌ ပေါက်ကွဲမှုဖြစ်ပြီး အပြန်အလှန် တိုက်ခိုက်ခဲ့ကြသည်ဟု သိရသည်။

ဆက်ဒမ်ဟူစိန်ထံမှဟု ယူဆရသော ဗီဒီယိုတိပ်ခွေက လွှင့်ခဲ့သည့် ဗုဒ္ဓဟူးနေ့၌ လှုံ့ဆော်ခဲ့ချိန်မှစပြီး ဘာ့သ်ပါတီကိုသစ္စာခံသည့် တပ်များက သိမ်းပိုက်တပ်များကို ဆက်တိုက် တိုက်ခဲ့ကြရာတွင် ဒုံးကျည်များနှင့် ဗုံးများကို အသုံးပြုခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် အမေရိကန်စစ်ဘက်က ပြောဆိုသည်။

အီရတ်မြောက်ပိုင်း မိုဆိုးလ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပို့ဆောင်ရေး ထရပ်ကားကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်သဖြင့် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာခဲ့သည်ဟု ဆိုင်ရှင်တစ်ဦးက ပြောဆိုသည်။

ထိုအချိန်ပတ်ဝန်းကျင်၌ပင် နောက်ထပ်အမေရိကန်ထရပ်ကားတစ်စီး မိုဆိုးလ်မြို့အခြားတစ်နေရာ၌ ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်ခံရသည်ဟု ဒေသခံတစ်ဦးက ပြောဆိုသည်။

နောက်ထပ်ထိခိုက် သေဆုံးမှု ရှိ၊ မရှိကိုမူ ရှင်းရှင်းလင်းလင်း မသိရဟု ဆိုသည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက်ဖော်လူဂျာမြို့တွင် နံနက် ၁၀ နာရီကျော်ကျော်ခန့်၌ ပေါက်ကွဲမှုဖြစ်ပွားပြီး မကြာခင်၌ တိုက်ခိုက်မှုများ ဖြစ်ခဲ့သည်။ **(အင်တာနက်)**

ရေနံထုတ်လုပ်မှုနှင့်တင်ပို့မှု အီရတ်တိုးမြှင့်လိုသော်လည်း လုံခြုံရေးအကြီးအကျယ် ကင်းမဲ့မှုကြောင့် အဟန့်အတားဖြစ်

ဘဂ္ဂဒက် စက်တင်ဘာ ၂၁

အီရတ်နိုင်ငံသည် ပြန်လည်တည်ဆောက်ရေးကုန်ကျစရိတ်ကို ငွေကြေးပံ့ပိုးနိုင်ရန်အတွက် ရေနံထုတ်လုပ်မှုနှင့် တင်ပို့မှုကို တိုးမြှင့်လိုသော်လည်း လုံခြုံရေးအကြီး အကျယ်ကင်းမဲ့မှုကြောင့် အဟန့်အတား ဖြစ်ရသည်ဟု အိုပက် အစည်းအဝေးသို့ ပထမဆုံးတက်ရောက်ရန် ပြင်ဆင်နေသော စစ်ပြီးကာလ အီရတ်အရာရှိများက ဘဂ္ဂဒက်၌ ပြောကြားကြသည်။

ရေနံလုပ်ငန်းနှင့် ထုတ်လုပ်မှု တိုးတက်စေရန် မိမိတို့ဆန္ဒပြုကြောင်းနှင့် တင်ပို့ရေးအတွက် စီစဉ်လျက်ရှိကြောင်း ယခုအပတ် ဗီယင်နာ၌ ကျင်းပမည့် အိုပက်အစည်းအဝေးသို့ တက်ရောက်မည့် အီရတ်ကြားဖြတ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အီရတ်ခေါင်းဆောင်ပိုင်းသည် ၎င်းတို့၏ တာဝန်များကို စတင်ယူခဲ့ချိန်မှစပြီး ထုတ်လုပ်မှုကို တိုးမြှင့်ရန်ကြိုးပမ်းခဲ့ကြပြီး ရေနံစိမ်းကိုလည်း နိုင်ငံအတွင်းမှ မှန်မှန်စီးဆင်းစေခဲ့သည်။ သို့ရာတွင် ဈေးကွက်များအတွက် စိတ်ပျက်ခဲ့ကြရသည်။ **(အင်တာနက်)**

ယှဉ်ပြိုင်

စက်တင်ဘာ ၂၁ ရက်က ကျင်းပသော အီတလီစီးရီးအေ ပြိုင်ပွဲတွင် နာမည်ကြီးလာဇီယိုနှင့် ပါးမားအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

(ထိုပွဲတွင် ပါးမားက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဥရောပ၌ ဗြိတိန်နိုင်ငံသားများ အလွန်အကျူးသောက်သူများဖြစ်

လန်ဒန် စက်တင်ဘာ ၂၁

ဗြိတိန်နိုင်ငံသည် ဥရောပဒေသတွင် အရက်သေစာ တစ်ထိုင်တည်း အဝအသောက်ဆုံး နိုင်ငံတစ်ခု ဖြစ်လာနေပြီးနှစ်စဉ် ပေါင်စတာလင်ဘီလီယံ ၂၀ဖိုး(ဒေါ်လာ၃၂ ဒသမ ၂ ဘီလီယံ) သောက်သုံးကြောင်း သောကြာနေ့က ထုတ်ပြန်သည့် အစိုးရအစီရင်ခံစာတစ်စောင်၌ ဖော်ပြသည်။

ဗြိတိသျှလူမျိုးများသည် ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံသားများထက် အသောက်အစား လျော့နည်းသည်မှန်သော်လည်း ၎င်းတို့သည် တစ်နေရာတစ်ထိုင်တည်းတွင် အရက်သေစာကို များများစားစား သောက်တတ်ကြကြောင်း ဗြိတိသျှဝန်ကြီးချုပ်ရုံး မဟာဗျူဟာလေ့လာရေးဌာန အစီရင်ခံစာ၌ ဖော်ပြသည်။

ယင်းသို့ဗြိတိသျှလူမျိုးများအရက်ကို အလွန်အကျူးသောက်ခြင်းကြောင့်ကိုယ်လက်မအီမသာဖြစ်ခြင်းနှင့် အခြားသော အရက်နာရောဂါတို့ဖြစ်ပွားကာ တိုင်းပြည်အတွက် နှစ်စဉ်အလုပ်လုပ်ရက် ၁၇ သန်းဆုံးရှုံးနစ်နာနေရကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်ရှိကုလသမဂ္ဂရုံးချုပ်အနီး၌ အသေခံကားဗုံးဖောက်ခွဲ ဖောက်ခွဲသူကိုယ်တိုင်နှင့်လုံခြုံရေးအစောင့်တစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၏ ကားရပ်သည့်နေရာတွင် အသေခံဗုံးခွဲသူတစ်ဦးက တနင်္လာနေ့၌ ကားဗုံးတစ်လုံးကို ဖောက်ခွဲလိုက်သဖြင့် ၎င်းကိုယ်တိုင်နှင့် လုံခြုံရေးအစောင့်တစ်ဦး သေဆုံးသွားသည်။ လူ ၂၀ကျော် သေဆုံးခဲ့ရသော ကုလသမဂ္ဂရုံး အဆောက်အအုံကို ထရပ်ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့ပြီး တစ်လအကြာ၌ ထိုသို့ဗုံးဖောက်ခွဲခြင်းဖြစ်သည်။

အသေခံဗုံးဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် လူရှစ်ဦးမက ဒဏ်ရာရရှိကြောင်း ပေါက်ကွဲမှုဖြစ်ရာထိုနေရာ၌ရှိနေသော အမေရိကန်အရာရှိ ဗိုလ်ကြီးရှောင်ကာလီက ပြောကြားသည်။

ယခုပေါက်ကွဲသည့်ဗုံးသည် နယူးယောက်၌ ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပမည့်အကြိုရက်၌ ပေါက်ကွဲခြင်းဖြစ်သည်။ ဗိုလ်ကြီးကာလီကပေါက်ကွဲမှုသည် နံနက်စနာရီကျော်ကျော်၌ ကုလသမဂ္ဂရုံးချုပ်မှ မီတာ ၂၅၀ခန့်လောက်၌ ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ အခြားမော်တော်ယာဉ် ခြောက်စီး ထက်မနည်း ပျက်စီးကြောင်း ပြောဆိုသည်။

၎င်းက ကားရပ်ရန်နေရာသို့ ကားတစ်စီး မောင်းဝင်လာခဲ့ကြောင်း စစ်ဆေးရေးစခန်းသို့ မရောက်မီ အီရတ်လုံခြုံရေးအစောင့်က ကားကို ရပ်ခိုင်းပြီး ကားမောင်းသူနှင့်အစောင့်တို့ စကားပြောခိုက် ကားအတွင်းမှ ဗုံးပေါက်ကွဲသွားခဲ့ကြောင်း ကာလီကပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အုပ်ချုပ်မှုအဖွဲ့အစည်းအား အာဏာလွှဲရန် ဗြိတိန်၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့ မြင်တွေ့လို

ဘာလင် စက်တင်ဘာ ၂၂

ဗြိတိန်၊ ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့သည် အီရတ်နိုင်ငံတွင် အရပ်သားအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့အစည်းအား အာဏာအမြန်ဆုံးလွှဲပြောင်းပေးရန်နှင့် ကုလသမဂ္ဂအားပိုမိုကြီးမားသော အခန်းကဏ္ဍပေးရန် လိုလားကြသည်ဟု ဂျာမနီဝန်ကြီးချုပ်ဂါဟာဒ်ရှရိုးဒါးက သုံးပွင့်ဆိုင်အစည်းအဝေးအပြီး၌ ဘာလင်မြို့တွင်စနေနေ့ကပြောကြားလိုက်သည်။

အီရတ်အရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲတိုးတက်မှုရှိကြောင်း ရှရိုးဒါးက ပြောဆိုသည်။ သို့ရာတွင် အီရတ်ပြန်လည်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးရန် အချိန်လိုအပ်ကြောင်းရှရိုးဒါးက ပြောဆိုသည်။

တည်ငြိမ်ပြီး ဒီမိုကရေစီဖြစ်သည့် အီရတ်နိုင်ငံကို မိမိတို့မြင်လိုကြောင်း ဝန်ကြီးချုပ်တိုနီဘလဲက သတင်းစာရှင်းပွဲ၌ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံဘေးဒုက္ခဖြစ်နေသောအနေအထား၌ရှိ ဒီမိုကရက်တစ်ပါတီဝင်အမတ် ခရစ္စတိုဖာဒေါ့ဖြေကြား

ဝါရှင်တန် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးမှုမြင့်တက်လာသကဲ့သို့ ဘဏ္ဍာရေးကုန်ကျစရိတ်များလည်း များပြားလာသည့်အတွက် အမေရိကန်လူထုအကြား သမ္မတဘုရှ်၏အီရတ်နိုင်ငံရေးကိစ္စကိုင်တွယ် ဖြေရှင်းမှုအပေါ် ထောက်ခံမှုသဘောထားများလျော့ကျလာကြောင်း လူထုသဘောထားစစ်တမ်းများအရ သိရှိရသည်။ ထို့အပြင် အီရတ်နိုင်ငံအပေါ် စစ်ပွဲဆင်နွှဲရသည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီးလည်း မေးခွန်းအသစ်များ ဝေဖန်မှုများနှင့်ကြုံတွေ့ရင်ဆိုင်နေရသည်။

ဒီမိုကရက်တစ်ပါတီဝင်အမတ်တစ်ဦး ဖြစ်သူ ခရစ္စတိုဖာဒေါ့က ပြောကြားရာတွင် အီရတ်နိုင်ငံအခြေအနေသည် ယခုအခါ ဘေးဒုက္ခဖြစ်နေသည့် အနေအထားမှာရှိကြောင်း၊ အီရတ်နိုင်ငံ အရေးကိစ္စအတွက် အခြားနိုင်ငံများကပါဝင်ပူးပေါင်းဆောင်ရွက်ပြီး အီရတ်အစိုးရက အမြန်ဆုံးအုပ်ချုပ်စေသင့်ကြောင်းပြောကြားခဲ့သည်။ ၎င်း၏အမြင်အရ စစ်ပြီးအီရတ်ထူထောင်ရေးစီမံကိန်းသည် နည်းဗျူဟာ မရှိသည့်အပြင် ရည်မှန်းချက်တစ်စုံတစ်ရာလည်း မရှိကြောင်း ဒေါ့ကဖြေကြားသွားသည်။ **(စီအင်န်အင်န်)**

စက်တင်ဘာ ၂၀ ရက်က မိုဟောဂန်ဆန်းအရီးနား၌ နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ် (အိုင်ဘီအက်ဖ်)ဟဲဗီးဝိတ်ချန်ပီယံလုပွဲတွင် ခရစ္စဘတ်ဒ် (ယာ) **နှင့် ပရက်စ်အိုကွင်ဒို** (ဝဲ) **တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်။**

ထိုပွဲတွင် ဖရစ္စဘတ်ဒ်က စိန်ခေါ်သူ ပရက်စ်အိုကွင်ဒိုအား အလဲထိုး အနိုင်ယူကာ ၎င်း၏ ချန်ပီယံသရဖူကို ကာကွယ်လိုက်သည်။

(ဓာတ်ပုံ-အင်တာနက်)

ဆက်ဒမ်ဟူစိန်ကို ထောက်ခံသော ဂျော်ဒန်လူမျိုးတစ်ဦးက အမ္မန်မြို့ရှိ ဆိုင်တစ်ဆိုင်အတွင်း၌ထားရှိသော ဆက်ဒမ်ဟူစိန်၏ ဓာတ်ပုံအား နမ်းရှုပ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗြိတိန် ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်း ရာထူးမှ နုတ်ထွက်ပေးရန် ဗြိတိန်သုံးဦးတွင် တစ်ဦးလိုလား

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

အီရတ်နိုင်ငံ၌ ပဋိပက္ခများဖြစ်ပွားပြီး ကုလသမဂ္ဂရုံးချုပ်အနီးတွင် ကားဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးမှုဖြစ်ပွားစဉ် ဗြိတိန်နိုင်ငံတွင်လည်း မည်သည့်အတွက်ကြောင့်စစ်ပွဲကို အလောတကြီး ဆင်နွှဲခဲ့သလဲဆိုသော မေးခွန်းကို ပိုမိုပြီး နိုက်နိုက်ချွတ်ချွတ် မေးမြန်းလျက်ရှိသည်။ ဝန်ကြီးချုပ်တိုနီဘလဲ၏ ကာကွယ်ရေးဝန်ကြီး ဂျက်ဖ်ဟွန်းသည် ဟတ်တန်စစ်မေးမှုတွင် ပြန်လှန်မေးခွန်းထုတ်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဟက်တန် စုံစမ်းစစ်ဆေးမှုသည် လက်နက်စစ်ဆေးရေးမှူး ဒေးဗစ်ကယ်လီသေဆုံးခဲ့မှုအတွက်ဖြစ်ပြီး သိပ္ပံပညာရှင်ဒေးဗစ်ကယ်လီ၏ အမည်ကိုဖော်ထုတ်ခဲ့မှုအတွက် ဂျက်ဖ်ဟွန်းသည် လွန်ခဲ့သော တစ်လက ပထမအကြိမ်အဖြစ် လာရောက်စစ်မေးမြန်းခြင်းခံရသည်။

ဖော်ထုတ်ရန်

ဒေးဗစ်ကယ်လီ၏ အမည်ဖော်ထုတ်မှုကို ၎င်းမသိရှိခဲ့ကြောင်း၊ ဝန်ကြီးဌာနက ပြန်ကြားရေးရုံးမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ဂျက်ဖ်ဟွန်းက ပြောကြားခဲ့သည်။ သို့ရာတွင် ဂျက်ဖ်ဟွန်းသည် အခြေအနေမှန်ကို သိရှိကြောင်း သတင်းထောက်များ မှန်ကန်စွာခန့်မှန်းနိုင်ပါက ဒေးဗစ်ကယ်လီ၏ အမည်ကိုဖော်ထုတ်ရန်ဆုံးဖြတ်ချက်အား ဂျက်ဖ်ဟွန်းကိုယ်တိုင် သိရှိခဲ့ကြောင်း ပြန်ကြားရေးရုံး ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

နုတ်ထွက်စေလို

ထို့ကြောင့် ဗြိတိန်လူထုဆက်သွယ်ရေးဌာနများနှင့် အတိုက်အခံများ၏ ဂျက်ဖ်ဟွန်းအပေါ် ဖိအားပေးမှုသည် လွန်ခဲ့သော သီတင်းပတ်အတွင်း ပိုမို တိုးမြင့်လာပြီး ရာထူးမှနုတ်ထွက်ရန်လည်းတောင်းဆိုခဲ့ကြသည်။ ဟက်တန်စုံစမ်းစစ်ဆေးမှုသည် လာမည့်ကြာသပတေးနေ့၌ အပြီးသတ်မည်ဖြစ်ရာ ဂျက်ဖ်ဟွန်းအနေနှင့် ရာထူးမှအလျင်အမြန်နုတ်ထွက်ရဖွယ်ရှိကြောင်း ထင်မြင်နေကြသည်။ ဖိုင်နင်ရှယ်တိုင်းမ်က ကောက်ယူခဲ့သော စစ်တမ်းကို ယမန်နေ့နံနက်၌ ထုတ်ပြန်ခဲ့ရာ စစ်တမ်းအရ ဂျက်ဖ်ဟွန်းကိုရာထူးမှနုတ်ထွက်ရန်ဗြိတိန်ပြည်သူသုံးဦးတွင် တစ်ဦးက လိုလားပြီး တိုနီဘလဲကို ငါးဦးမှာ တစ်ဦးက ရာထူးမှနုတ်ထွက်စေလိုကြောင်းဖော်ပြခဲ့သည်။

(စီအင်န်အင်န်)

ဘင်္ဂလားဒေ့ရှ်၌ မိုးသည်းထန်ပြီးမြစ်များရေလျှံ ရေကြီးမှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမည်ကို စိုးရိမ်ရ

ရာဂျာချာဟီ(ဘင်္ဂလားဒေ့ရှ်) စက်တင်ဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနောက်မြောက်ပိုင်းဒေသများတွင်မိုးသည်းထန်ပြီး မြစ်ရေလျှံမှုများဖြစ်ပွား၍ လူ၁၀ ဦးသေဆုံးသွားသည်။ ရေဘေးကြောင့် ဖြစ်ပွားလာမည့်ရောဂါများကို တားဆီးရန်အတွက် ဆေးဝါးကုသရေး အဖွဲ့များစေလွှတ်ထားကြောင်း အစိုးရအရာရှိများက သောကြာနေ့တွင် ပြောကြားကြသည်။

ပဒ္မာနှင့် မဟာနန္ဒာမြစ်များသည် ယခင် ငါးရက်ခန့်ကတည်းကပင် မြစ်ရေလျှံနေခြင်းကြောင့် လူ ၃၀၀၀၀၀ ခန့် ရေပတ်လည် အဝိုင်းခံနေရပြီး ၂၀၀၀၀၀ ခန့်မှာ ကုန်းမြင့်ရာသို့ ထွက်ပြေးနေကြရသည်။

အဝေးပြေးလမ်းမများ၊ မြစ်ရေထိန်း တာရိုးပေါင်များနှင့် အစိုးရအကာအကွယ်စခန်းများပေါ်တွင် အပြည့်အကျပ်နေထိုင်နေကြသည့် ရေဘေးဒုက္ခသည်များထံသို့ ဆေးကုသရေးအဖွဲ့ ၁၃ ဖွဲ့ကို စေလွှတ်ထားရှိသည်ဟု ဆိုသည်။

ရာဂျာချာဟီ၊ချာပိုင်နာဝပ်ဂန်ဂျီ၊ပါဘမာ၊ ကုချာတီယာ၊ ဆီရပ်လန်ဂျီနှင့် နီဖာမာရီပြည်နယ်ဒေသများတွင် မြစ်ရေသည် အိမ်ခေါင်မိုးအထိရောက်ရှိနေကြောင်း ဒေသအရာရှိများက ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ

သာပေါင်းစည်ပင်သာယာ ပန်းအလှပင်များစိုက်ပျိုး

သာပေါင်း၊ စက်တင်ဘာ ၁၀

ဧရာဝတီတိုင်း သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သြဂုတ် ၃၀ ရက်၌ သာပေါင်း မြို့အဝင် ကားလမ်းမကြီး တစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးကြသည်။

သာပေါင်းမြို့ သာယာစိုပြည်စေရေးအတွက် ပန်းအလှပင်များနှင့် အရိပ်ရပင်များကို စိုက်ပျိုးကြရာ သာပေါင်းမြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိဦးသိန်းထူး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့် စည်ပင်သာယာ ဝန်ထမ်းများ ပါဝင် စိုက်ပျိုးကြသည်။ **(က–ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ တစ်ဖက်သတ်ပိတ်ဆို့ အရေးယူမှုဟာ ဘယ်လိုသက်ရောက်မလဲ (၇)

အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ နိုင်ငံတွေမှာရှိနေတဲ့ အစိုးရတွေဟာ အရင်းရှင်အစိုးရတွေမဟုတ်တော့ဘဲ မြေရှင်အစိုးရတွေ ဖြစ်နေတာကြာပြီဖြစ်ပါတယ်။ အရင်းရှင်ဒီမိုကရေစီ ခေါင်းဆောင်ထားတဲ့ ပုဂ္ဂလိကမြေရှင်ကိုယ်စားလှယ်အစိုးရတွေသာ ဖြစ်ပါတယ်။ ဒီအပေါ် အရင်းရှင်စနစ်နဲ့ အရင်းရှင်အစိုးရတွေလို့ နှစ်ပေါင်းများစွာ သိမြင်လာခဲ့ရတဲ့ နိုင်ငံတကာပြည်သူတွေအဖို့ ဒီအတိုင်းပင် ဆက်လက်မှတ်ထင်နေကြပါတယ်။ ဒီကနေ့မှာတော့ နိုင်ငံတကာပြည်သူတွေရဲ့ ကျောပေါ်တုတ်ကျလာပြီဖြစ်တဲ့အတွက် ဒီစက်မှုအရင်းရှင်နိုင်ငံတွေမှာ အရင်းရှင်နဲ့ အရင်းရှင်အစိုးရပဲလို့ ထင်မှတ်နေတာကို စွန့်လွှတ်ပြီး အရင်းရှင်စနစ်ထက် ခေတ်နောက်ပြန်ဆုတ်သွားတဲ့ မြေရှင်လူတန်းစား အစိုးရတွေသာ ဖြစ်တယ်ဆိုတဲ့ အမြင်သစ်နဲ့ လက်ခံစဉ်းစားဆုံးဖြတ်ကြရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ –

> **ပုဂ္ဂလိကမြေရှင်စနစ်ကို အာဏာရှင်စနစ်နဲ့ ပေါင်းစပ်ပေးလိုက်ခြင်းဟာ ကြမ်းကြုတ်ရိုင်းစိုင်းတဲ့ခေတ်ကို မွေးထုတ်ပေးလိုက်တယ်။ လူ့အဖွဲ့အစည်းပိုင် မြေယာစနစ်ကို အရင်းရှင်လူတန်းစား အခွင့်အရေးနဲ့ ပေါင်းစပ်ပေးလိုက်ခြင်းကသာ လူတွေရဲ့ မကြုံဖူးတဲ့ လူယဉ်ခေတ်ကို မွေးထုတ်ပေးလိမ့်မယ်**

လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။

ဒီကနေ့ အမေရိကန်နဲ့ အပေါင်းပါအနောက်နိုင်ငံတွေမှာ မြေရှင်စနစ်နဲ့ ပေါင်းစပ်ထားတဲ့ ဗိုလ်ကျစိုးမိုးရေး အစိုးရတွေကြောင့် စီးပွားရေးကုန်ထုတ်စွမ်းအားစုတွေ ဆုတ်ယုတ်ကျဆင်းနေခြင်း၊ စီးပွားရေး နိမ့်ကျ ကျုံ့ဝင်နေခြင်း၊ လူ့အဖွဲ့အစည်း နောက်ပြန်ဆုတ်နေခြင်း၊ ကုန်ဈေးနှုန်းတက်နေခြင်း၊ အလုပ်လက်မဲ့ပေါများ ခေါင်ခိုက်နေခြင်း၊ အသစ်မြုပ်နှံစရာ အရင်းအနှီးတွေ ဆုတ်ယုတ်နေခြင်းတို့က ဘက်စုံအောင် ဖြစ်ပေါ်နေပါတယ်။ အမျိုးမျိုးသော နိုင်ငံရေး ရာဇဝတ်မှုတွေလဲ မကြုံဖူးအောင် ပေါများပွထသိပ်နေတယ်။ ရာဇဝတ်မှုတွေလဲ ထူပြောလာတယ်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဆက်ဆံရေး၊ ယဉ်ကျေးရေးဆက်ဆံရေးဆိုတဲ့ လူယဉ်ကျေးရေးခေတ် လျော့ပါးလာနေတဲ့အတွက် လူယဉ်ခေတ်ကြီးပင် ပြိုပျက်လာနိုင်စရာရှိတယ်လို့ ပညာရှင်အချို့က ထွက်ဆိုလာခဲ့ပါတယ်။

ဒါနဲ့ပတ်သက်လို့ အမေရိကန်ပြည်ထောင်စု အခြေအနေကို ကြည့်မယ်ဆိုရင် ၂၀၀၁ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုတွင် ပြစ်မှုပေါင်း ၁၁၃သမ ၈သန်း ဖြစ်ခဲ့တယ်လို့ အမေရိကန်ပြည်ထောင်စု ထောက်လှမ်းရေးဗျူရို (F.B.I) ရဲ့ ၂၈–၁၀–၂၀၀၂ခုနှစ် အစီရင်ခံစာတွင် ဖော်ပြခဲ့ပါတယ်။

လူသတ်မှု၊ လူသေမှု၊ မုဒိမ်းမှု၊ ဓားပြမှု၊ ကိုယ်ခန္ဓာပြင်းထန်စွာ ထိခိုက်နာကျင်စေမှုတို့ဟာ ပြစ်မှုကြီးများဖြစ်ပြီး အဖြစ်လဲ များခဲ့တယ်။ အိုးအိမ်စည်းစိမ် လုံခြုံရေးဆိုင်ရာ အိမ်ဖောက်ထွင်းမှု၊ ကားခိုးမှု၊ ခိုးမှုများလဲ စုံလင်တယ်။ ဒီပြစ်မှုများကို ကျူးလွန်သူများရဲ့ ၂၆ရာခိုင်နှုန်းဟာ လက်နက်များ ကိုင်ဆောင်အသုံးပြုခဲ့ကြတယ်။ လူသတ်မှုလဲ ၂၃သမ၅ရာခိုင်နှုန်း တိုးပွားခဲ့တယ်။ အမေရိကန် လူ့အဖွဲ့အစည်းတွင် လူပုဂ္ဂိုလ်တို့ရဲ့ အသက်နဲ့ ကိုယ်ခန္ဓာဆိုင်ရာ လုံခြုံမှုအခြေအနေ၊ အိုးအိမ်စည်းစိမ်၊ လုံခြုံမှုဆိုင်ရာအခြေအနေ ဘယ်လောက်ရှိသလဲဆိုရင် ၂၃သမ၇ စက္ကန့်တိုင်းတွင် အမှုတစ်ခုဖြစ်နေတာ တွေ့ရတယ်။ ဒါတွေကို အမျိုးအစားခွဲမယ်ဆိုရင် လူသတ်မှု ၄၄မှု၊ မုဒိမ်းမှု၂၄၈မှု၊ မှန်းတီးကလဲ့စားချေမှုတွေလဲ နေ့စဉ်လိုဖြစ်နေတယ်။ ပြစ်မှုအရေအတွက်အရ လူသတ်မှုပေါင်း ၁၅၉၈၀၊ မုဒိမ်းမှုပေါင်း ၉၀၄၉မှုတို့ ဖြစ်ခဲ့တယ်။

နိုင်ငံကြီးသားဆိုတဲ့ လူများနေထိုင်တဲ့ မြို့ကြီးပြကြီးများတွင် ပြစ်မှုဖြစ်ပွားမှုနှုန်းဟာ ၂၀၀၂ခုနှစ် အတွင်းမှာ ခုန်တက်သွားခဲ့တယ်။ ဝါရှင်တန်တွင် ၂၀၀၁ခုနှစ်ကထက် မူးယစ်ဆေးဝါး၊ ပြည့်တန်ဆာနဲ့ လူအုပ်စုနဲ့ ရမ်းကားမှုပေါင်း ၃၆ရာခိုင်နှုန်းမျှ ပိုလာတယ်။ ဘော့စတွန်မြို့တွင်လည်း အလားတူ ၆၇ရာခိုင်နှုန်း ခုန်တက်ခဲ့တယ်။ လော့စ်အိန်ဂျလိစ်မြို့တွင်လဲ ၂၇ရာခိုင်နှုန်း ပိုလာခဲ့တယ်။ ဒါဟာ တိုးတက်တဲ့ စက်မှုအရင်းရှင်စနစ်မှ ဆိုးယုတ်သော ခေတ်ဟောင်း မြေရှင်စနစ်သို့ သက်ဆင်းသွားတဲ့ ဆိုးကျိုးတွေဖြစ်ပါတယ်။ အဲဒီလိုအခြားစက်မှုနိုင်ငံများထက် မုဒိမ်းမှုဖြစ်ပွားတဲ့နှုန်းဟာ အမေရိကန်နိုင်ငံမှာ ငါးဆမှခုနစ်ဆအထိ တိုးပွားခဲ့တယ်လို့ ဆိုပါတယ်။လူသတ်မှုနဲ့ပတ်သက်လို့ ၂၀၀၂ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း နယူးယောက်မြို့ကြီးတွင် ၄၈၉မှု ဖြစ်ပွားပြီး ချီကာဂိုမြို့တွင် ၄၈၅မှု ဖြစ်ခဲ့တယ်။ ဒီဖြစ်ရပ်ကြောင့် လူပေါင်း ၅၁၅ဦး သေခဲ့တယ်။ ဒက်စ်ထရိုက်မြို့တွင် လူသတ်မှု ၃၄၆မှု ဖြစ်ပွားပြီး ၂၁–၁၀–၂၀၀၂ရက် အေအက်ဖ်ပီ သတင်းအရ ဒီကာလအတွင်း လော့စ်အိန်ဂျလိစ် မြို့တွင် လူ ၆၁၄ဦးသေခဲ့တယ်။ ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၁ ခုနှစ်တို့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်၁၁ဒသမ၃ရာခိုင်နှုန်းမှ၂၀ဒသမ ၅ရာခိုင်နှုန်းအထိ တိုးပွားခဲ့ခြင်းဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုတွင် လက်နက်များ အလွယ်တကူဝယ်ယူကိုင်ဆောင်ခွင့်ရှိတယ်။ ဒီအခွင့်အရေးတွေဟာ ယဉ်ကျေးတိုးတက်တဲ့ သွေးစစ်သော အရင်းရှင်စနစ်နဲ့သာ ထိုက်တန်ပြီး အခုလိုကြမ်းတမ်းခေတ်နောက်ကျတဲ့ မြေရှင်စနစ်မျိုးနဲ့ မထိုက်တန်တာ အမှန်ပင်ဖြစ်ပါတယ်။

အမေရိကန်တစ်နိုင်ငံလုံးတွင် လက်နက်အရေအတွက် သန်း ၂၀၀ ထက်ပင် ကိုင်ဆောင်ခွင့်ပြုထားပြီး လူတစ်ဦးမှာသေနတ်တစ်လက်နှုန်း ပိုင်ဆိုင်ကိုင်ဆောင်နေတဲ့ Cow-Boy လူ့အဖွဲ့အစည်းကြီး ဖြစ်နေပါတယ်။ ၂၀၀၁ခုနှစ်ကထက် ၂၀၀၂ခုနှစ်တွင် ပြည်သူပြည်သားများ လက်နက်များ ပိုမိုဝယ်ယူကိုင်ဆောင်တဲ့ အရေအတွက်ဟာ ၁၃ရာခိုင်နှုန်း ပျမ်းမျှမြင့်တက်လာတယ်လို့ဆိုပါတယ်။ လက်နက်ကိုင်ဆောင်ခွင့် အလွန်အမင်းများပြားတဲ့ အတွက် မကြာခဏဆိုသလို သေနတ်ပစ်မှုဖြစ်လာတယ်။ ၂၀၀၂ခုနှစ် အောက်တိုဘာလအတွင်း ဝါရှင်တန်ဒီစီ၊ မေရီလင်းနဲ့ ဗာဂျီးနီးယားပြည်နယ်များတွင် ဖြစ်ပွားခဲ့တဲ့ သေနတ်ပစ်မှုတွေကြောင့် လူ၁၀ဦး သေပြီး သုံးဦးပြင်းထန်စွာ ဒဏ်ရာရခဲ့တယ်။ လော့စ်အိန်ဂျလိစ်မြို့တွင် ၂၀၀၁ ခုနှစ်ကထက် ၂၀၀၂ ခုနှစ်မှာ သေနတ်ပစ်မှု ၄၀ ရာခိုင်နှုန်း တိုးပွားခဲ့တယ်လို့ ဆိုပါတယ်။

ဒါကြောင့် ၁၉၈၀ပြည့်လွန်ကာလများက ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံအုပ်စုသုံးစုဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ အနောက်ဥရောပဘုံဈေးနိုင်ငံများနဲ့ ဂျပန်နိုင်ငံတို့အပေါ် အရင်းရှင်စနစ် ကြန်အင်လက္ခဏာခုနစ်ရပ်နဲ့ သွေးစစ်တဲ့ အရင်းရှင်စနစ်ဟုတ်–မဟုတ်ဆိုတာကို အခုလိုစစ်တမ်းထုတ် အဖြေရှာခဲ့ပါတယ်။

အောင်မိုးစံ

မေးခွန်း (၁) ကုန်စည်ထုတ်လုပ်ရေး တစ်ဌာနမှတစ်ဌာနသို့ အရင်းအနှီးမြှုပ်နှံခွင့်၊ နုတ်ယူခွင့်၊ လွတ်လပ်မှုတွေကို ဘယ်နိုင်ငံ အုပ်စုက ကျင့်သုံးပါသလဲ။

အဖြေ (၁)
- (က) အမေရိကန်ပြည်ထောင်စုဟာ ဒီကိစ္စကိုလွတ်လပ်ခွင့် မပေးတဲ့အပြင်အကြီးအကျယ်ချုပ်ချယ်ထားပါတယ်။
- (ခ) ဒါနဲ့ပတ်သက်လို့ အနောက်ဥရောပ ဘုံဈေးအဖွဲ့မှာ လွတ်လပ်ခွင့် အသင့်အတင့်ရှိပါတယ်။
- (ဂ) ဂျပန်နိုင်ငံကတော့ ဒီကိစ္စအပေါ် လွတ်လပ်ခွင့်အများဆုံး ဖွင့်ပေးတဲ့မူဝါဒကို ကျင့်သုံးပါတယ်။

မေးခွန်း (၂) Protectionismခေါ်၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒနဲ့ ဆိပ်ကမ်းခွန် အတင်းအကျပ်ကောက်ခံမှု လွတ်လပ်ခွင့်ကို ဘယ်နိုင်ငံအုပ်စုက အားပေးကျင့်သုံးပါသလဲ။

အဖြေ (၂)
- (က) အမေရိကန်ပြည်ထောင်စုဟာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ ကျင့်သုံးပြီး ဆိပ်ကမ်းခွန် လွတ်လပ်ခွင့်ကို အများဆုံးချုပ်ချယ်ထားပါတယ်။
- (ခ) အနောက်ဥရောပ ဘုံဈေးနိုင်ငံများအုပ်စုက အသင့်အတင့် လွတ်လပ်ခွင့်ပေးပါတယ်။
- (ဂ) ဂျပန်နိုင်ငံကတော့ ဒီကိစ္စအပေါ် လွတ်လပ်ခွင့်အများဆုံး ဖွင့်ပေးတဲ့ မူဝါဒကို ကျင့်သုံးပါတယ်။

မေးခွန်း (၃) ကမ္ဘာ့ဈေးကွက်မှာ(Free Market) ခေါ်လွတ်လပ်စွာ ရောင်းဝယ်ခွင့် (Free Competition)ခေါ်လွတ်လပ်စွာ ပြိုင်ဆိုင်ခွင့်တို့ကို ဘယ်နိုင်ငံအုပ်စုက အများဆုံး အားပေး ကျင့်သုံးပါသလဲ။

အဖြေ (၃)
- (က) ဒါနဲ့ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုဟာ အများဆုံး ဖိနှိပ်ချုပ်ချယ်ထားပါတယ်။
- (ခ) အနောက်ဥရောပဘုံဈေးအဖွဲ့ကတော့ လွတ်လပ်ခွင့် ပေးထားပါတယ်။
- (ဂ) ဂျပန်နိုင်ငံကတော့ အများဆုံးလွတ်လပ်ခွင့်ပေးပါတယ်။

မေးခွန်း (၄) ကမ္ဘာ့ဈေးကွက်တွင် လက်ဝါးကြီးအုပ် ချုပ်ချယ်ထားမှု၊ လက်ဝါးကြီးအုပ် ဈေးတင်ရောင်းမှုတွေကို ဘယ်နိုင်ငံ အုပ်စုက အားပေးကျင့်သုံးနေပါသလဲ။

အဖြေ (၄)
- (က) ဒါနဲ့ပတ်သက်လို့ အမေရိကန် ပြည်ထောင်စုဟာ လက်ဝါးကြီးအုပ် ဈေးတင်ရောင်းမှုနဲ့ လက်ဝါးကြီး အုပ်မှုကို အများဆုံးကျင့်သုံးပါတယ်။
- (ခ) အနောက်ဥရောပဘုံဈေးအဖွဲ့ကတော့ လက်ဝါးကြီးအုပ် ဈေးတင်ရောင်းမှုနဲ့ လက်ဝါးကြီးအုပ်မှုကို အများဆုံး ကျင့်သုံးမှုမရှိပါဘူး။
- (ဂ) ဂျပန်နိုင်ငံကတော့ လက်ဝါးကြီးအုပ်ဈေးနှင့် လက်ဝါးကြီးအုပ်မှုတွေ လုံးဝနီးပါး ကင်းရှင်းပါတယ်။ ဂျပန်ဟာ ကမ္ဘာမှာ (Miracle Economy) အံ့ဖွယ်စီးပွားရေး အောင်မြင်တဲ့နိုင်ငံ ဖြစ်ပါတယ်။

မေးခွန်း (၅) ကုန်စည် ထုတ်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေးမှာ အစိုးရက ဝင်ရောက်စွက်ဖက်မှုကို ဘယ်နိုင်ငံအုပ်စုက အားပေးကျင့်သုံးပါသလဲ။

အဖြေ (၅)
- (က) ဒါနဲ့ပတ်သက်လို့ အမေရိကန် ပြည်ထောင်စုက အများဆုံး အားပေးကျင့်သုံးတယ်။ ဆိုလိုတာက ကုန်စည်ထုတ်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတွေမှာ အစိုးရက အများဆုံး ဝင်ရောက်စွက်ဖက်နေပါတယ်။
- (ခ) အနောက်ဥရောပဘုံဈေးအဖွဲ့ဝင်တွေကတော့ အဲဒီလို ဝင်ရောက်စွက်ဖက်မှုမျိုး များများစားစား မရှိပါ။
- (ဂ) ဂျပန်ပန်နိုင်ငံကတော့ ကုန်စည်ထုတ်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတွေမှာ အစိုးရဝင်ရောက်စွက်ဖက်တာ မရှိသလောက်ဖြစ်ပါတယ်။ အစိုးရဝင်ရောက်စွက်ဖက်မလာအောင်လဲ ဂျပန်နိုင်ငံ စီးပွားရေး၊ နိုင်ငံရေးခေါင်းဆောင်တွေက အလေးအနက်သတိပေးနေကြပါတယ်။

မေးခွန်း (၆) စက်မှုထုတ်လုပ်ရေးနဲ့ ကုန်လုပ်စွမ်းအားစုတွေတိုးတက်ရေးတို့အတွက် ဘယ်နိုင်ငံအုပ်စုက အားပေးကျင့်သုံးပါသလဲ။

အဖြေ (၆)
- (က) အမေရိကန် ပြည်ထောင်စုဟာ အားပေးကျင့်သုံးမှု အနည်းဆုံး ဖြစ်တယ်။ ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ရေးကို အများဆုံး တားဆီး ချုပ်ချယ်နေတယ်။
- (ခ) အနောက်ဥရောပ ဘုံဈေးအဖွဲ့ကတော့ အထိုက်အလျောက်သာ အားပေးကျင့်သုံးနိုင်တာ တွေ့ရတယ်။
- (ဂ) ဂျပန်နိုင်ငံကတော့ အထူးပြောဖွယ်ရာ မရှိအောင် အားပေးကျင့်သုံးပါတယ်။

မေးခွန်း (၇) Human Rights လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ ဘယ်နိုင်ငံ အုပ်စုက အားပေးကျင့်သုံးပါသလဲ။

အဖြေ (၇)
- (က) အမေရိကန်ပြည်ထောင်စုဟာ လူ့အခွင့်အရေးကို အများဆုံး ဖိနှိပ် ချုပ်ချယ်နေပါတယ်။
- (ခ) အနောက်ဥရောပဘုံဈေးနိုင်ငံတွေကတော့ လူ့အခွင့်အရေး ပေးပါတယ်။
- (ဂ) ဂျပန်နိုင်ငံကတော့ လူ့အခွင့်အရေး အများဆုံးပေးတဲ့ နိုင်ငံလို့တောင် ကောင်းကောင်းကြီး ဆိုနိုင်ပါတယ်။

ဒီဆန်းစစ်ချက်အရဆိုရင် အမေရိကန်နိုင်ငံဟာ လူ့အခွင့်အရေး ဖောက်ဖျက်ကျူးလွန်မှုအများဆုံး၊ စီးပွားရေး လွတ်လပ်မှုတွေအပေါ် အချုပ်ချယ်ဆုံး၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ အကျင့်သုံးဆုံး၊အင်အားသုံးဗိုလ်ကျစိုးမိုးရေး ဝါဒအကျင့်သုံးဆုံးဖြစ်နေပါတယ်။ ဒါဟာ အရင်းရှင်စနစ်ရဲ့ တိုးတက်တဲ့ ကြန်အင်လက္ခဏာတွေ လွင့်ပါးကုန်ပြီး ဆုတ်ယုတ်တဲ့မြေရှင်စနစ် လက္ခဏာဆိုးတွေ လွှမ်းမိုးနေမှုဖြစ်ပါတယ်။

ဒါတွေကြောင့် ၂၀၀၁ခုနှစ်က တောင်အာဖရိက ခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ခဲ့စဉ်က တရုတ်နိုင်ငံ အပေါ် စီးပွားရေးပိတ်ဆို့အရေးယူဖို့ တိုက်တွန်းလှုံ့ဆော်နေတဲ့ အတိုက်အခံသမားများကို တရုတ်နဲ့တောင်အာဖရိကနိုင်ငံတို့ အခြေအနေချင်းမတူကြောင်း၊တရုတ်နိုင်ငံတွင် မိမိတို့အမျိုးသားချင်းအကြား ဖြစ်ပွားတဲ့ နိုင်ငံရေးပြဿနာအပေါ် စီးပွားရေး ပိတ်ဆို့ အကျပ်ကိုင်မှုတိုက်ပွဲကို မကျင့်သုံးထိုက်ကြောင်း အကြံပြုသွားခဲ့ဖူးပါတယ်။

၁၉၉၉ခုနှစ် အမေရိကန်ရွေးကောက်ပွဲကာလတွင် သမ္မတလောင်းဘုရှ်က အမေရိကန်တို့အနေနဲ့ အခြားနိုင်ငံများအပေါ်မှာ မိမိတို့မူဝါဒတွေကို တင်ပြနိုင်ကြောင်း၊ဒါပေမယ့် မိမိတို့ကျင့်သုံးတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်နာဖို့တော့ မလုပ်သင့်ကြောင်း ပြောခဲ့မှုအပေါ်အာရှနိုင်ငံများက တိတ်တိတ်ကလေး ချီးကျူးထောမနာပြုခဲ့တယ်လို့၂၀၀၁ခုနှစ်ဇွန်လအတွင်း စင်ကာပူဝန်ကြီးချုပ် ဂိုချုပ်တောင် အမေရိကန်သို့သွားရောက်ခဲ့စဉ်က ပြန်ပြောင်းသတိပေးခဲ့ဖူးပါတယ်။ ဒါပေမယ့် အစိုးရဖွဲ့ပြီး သမ္မတဖြစ်လာတဲ့အခါ သမ္မတဘုရှ်ဟာ အပြောနဲ့အလုပ်မညီဘဲ ကျင့်သုံးလာခဲ့တယ်။ ပုဂ္ဂလိကမြေရှင်စနစ်နဲ့ ပေါင်းစပ်ထားတဲ့ ဖိနှိပ်ဗိုလ်ကျစိုးမိုးရေးဝါဒအတိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် တစ်ဖက်သတ် အကျပ်ကိုင်ဖိအားပေးမှု၊ ဝင်ရောက်စွက်ဖက်မှု၊ အင်အားသုံးစစ်ပြုကျူးကျော်မှုတွေ ကျင့်သုံးလာတယ်။ မြန်မာပြည်လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီရေးလို့ အကြောင်းပြပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးအထိ ပိတ်ဆို့ အရေးယူလာနေပါတယ်။

ဒါဟာ အမေရိကန်အစိုးရရဲ့ ပြည်တွင်းပြည်ပအရင်းရှင်စနစ်(ဈေးကွက်စီးပွားရေး)အပေါ် အကြင်နာကင်းစွာ ချေမှုန်းနေတဲ့ လုပ်ရပ်များသာဖြစ်ပါတယ်။ တိုးတက်ယဉ်ကျေးတဲ့ အမေရိကန်အရင်းရှင် လူ့အဖွဲ့အစည်းကို ဆုတ်ယုတ်ကြမ်းကြုတ်တဲ့ မြေရှင်စနစ်သို့ ပြန်ရောက်သွားအောင် ဖန်တီးသလို ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲတိုးတက်ပွင့်လန်းလာနေတဲ့ မြန်မာလူ့အဖွဲ့အစည်းကိုလဲ ခေတ်ဟောင်းပြန်ရောက်သွားအောင် ဖန်တီးလာမှုတစ်ရပ်သာ ဖြစ်ပါတယ်။ ဒါကြောင့် အခုလိုစက်မှုအရင်းရှင်နိုင်ငံတွေမှာ ပုဂ္ဂလိကမြေရှင်စနစ်နဲ့ ပေါင်းစပ်ဖြစ်ပေါ်လာတဲ့ အနိုင်ကျင့်ဗိုလ်ကျစိုးမိုးရေးဝါဒ ချုပ်ငြိမ်းရေးအတွက် တစ်ခုတည်းသောလမ်းဟာ **အဲဒီလိုမြေရှင်စနစ်လွှမ်းမိုးကြီးစိုးနေတဲ့ စက်မှု အရင်းရှင်နိုင်ငံတွေမှာမြေကို (ပုဂ္ဂလိကမပိုင်ဘဲ)** လူ့အဖွဲ့အစည်းပိုင်တဲ့ အရင်းရှင်စနစ် ထူထောင်သွားဖို့ဖြစ်တယ်။ ဖွဲ့စည်းပုံဥပဒေမှာ အရင်းရှင် လူ့အခွင့်အရေးနဲ့ လူ့အဖွဲ့အစည်းပိုင် မြေယာစနစ်ပြဋ္ဌာန်းသွားဖို့ဖြစ်တယ်။ သွေးစစ် တည်ကြည်တဲ့ အရင်းရှင်စနစ်ကို ကျင့်သုံးသွားဖို့ဖြစ်တယ်လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒ တရားကဆိုပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့လဲ စက်မှုအရင်းရှင်နိုင်ငံကြီးတွေမှာ ပေါ်ပေါက်ကြီးစိုးလာနေတဲ့ လက်ဝါးကြီးအုပ် အနိုင်ကျင့် ဗိုလ်ကျစိုးမိုးရေး မြေရှင်စနစ်ချုပ်ငြိမ်းသွားရေးအတွက် နိုင်ငံတကာနဲ့ ပူးပေါင်း ကြိုးပမ်းသွားဖို့သာဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

မန္တလေးတိုင်း တည်ဆောက်ရေးလုပ်ငန်းများ

ဖောင်းကတောရေလှောင်တမံ

ဖောင်းကတောရေလှောင်တမံကို ၂၁-၈-၂၀၀၂ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

ဖောင်းကတောရေလှောင်တမံသည် မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ဖောင်းကတောကျေးရွာ အရှေ့ဘက် ၁ဒသမ၇ မိုင်ခန့်အကွာတွင်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်သည်။ တမံသည် အလျားပေ ၂၈၅၀ ရှိ၍ တမံအမြင့် ၆၇ ပေမြင့်သည်။ အဆိုပါ ရေလှောင်တမံသည် ရေဧကပေ ၁၁၀၀ မှ ဧကပေ ၇၉၀၀ အထိ ရေလှောင် ထားရှိနိုင်ပြီး မြေဧရိယာ ဧက ၂၀၀၀ ခန့်ကို ဆည်ရေပေးနိုင်သည့်အပြင် ယာမြေဧရိယာ ဧက ၅၈၀ ခန့်ကို မိုးရာသီတွင် ရေလွှမ်း၍ သဲဖုံးပျက်စီးမှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။

ထိုရေလှောင်တမံသည် ဒေသအတွင်းရှိ စိုက်ပျိုးမြေဧက ၂၀၀၀ ကို အကျိုးပြုနိုင်ရေးရည်မှန်းပြီး ရေဆင်း ဧရိယာ ၂၇ စတုရန်းမိုင်ရှိသည့် ဖောင်းကတောချောင်းမှ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၆၇၅၀ ကို အသုံးချ နိုင်အောင် တည်ဆောက်ထားသည်။ ရေလှောင်တမံ၏ ရေထုတ်ပြွန်မှ ရေထိန်း ထုတ်လွှတ်ပြီး သီးနှံဧက ၃၀၀၀ အထိ ရေပေးစိုက်ပျိုးနိုင်စေရန်နှင့် မိုးကာလရေလွှမ်း၍ သဲဖုံးပျက်စီးလေ့ရှိသည့် ယာမြေဧက ၅၈၀ကို စိုက်ပျိုး နိုင်ရန် ငွေကျပ်သန်းပေါင်း ၁၇၆ သန်း အကုန်အကျခံတည်ဆောက်ပေးခဲ့သည်။

မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ စိုက်ပျိုးမြေဧက ၁၁၀၀၀ အကျိုး ပြုသည့် လောကနန္ဒာမြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

ဖောင်းကတောရေလှောင်တမံ

မန္တလေးတိုင်း မြင်းခြံ ခရိုင် ငါန်းဇွန်မြို့နယ် ဖောင်းကတော ကျေးရွာ အရှေ့ဘက်တွင်ရှိသည့် ဖောင်းကတော ရေလှောင်တမံ ကို တွေ့ရစဉ်။



သူနာပြု တက္ကသိုလ်

မန္တလေးတိုင်း မန္တလေးမြို့ရှိ သူနာပြုတက္ကသိုလ် (မန္တလေး)ကို တွေ့ရစဉ်။

မန္တလေးတိုင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး တည်ဆောက်လျက်ရှိသော မြစ်ရေတင်စီမံကိန်းများ

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများ တည်ဆောက်ပေးလျက်ရှိသည့်အပြင် မြစ်ရေတင်စီမံကိန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ၁၉၉၅ ခုနှစ်မှစတင်၍ မြစ်ရေတင် စီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မြစ်ရေတင်လုပ်ငန်း စုစုပေါင်း ၂၆၅ခု တည်ဆောက်ပေးနိုင်ခဲ့သည်။

မန္တလေးတိုင်းတွင် ငါန်းဇွန်မြို့နယ်၌ ဧက ၂၅၀၀ အကျိုးပြုမည့် ကျောက်တစ်လုံးမြစ်ရေတင်စီမံကိန်း၊ ဧက ၇၀၀၀ အကျိုးပြုမည့် ရွာသစ် မြစ်ရေတင် စီမံကိန်း၊ ဧက ၃၀၀၀ အကျိုးပြုမည့် ငါန်းမြာ မြစ်ရေတင် စီမံကိန်း၊ မြင်းခြံမြို့နယ်၌ ဧက ၁၀၀၀ အကျိုးပြုမည့် ဆိတ်ညံ့မြစ်ရေတင် စီမံကိန်း၊ ညောင်ဦးမြို့နယ်၌ ဧက ၆၀၀၀ အကျိုးပြုမည့် အောက်ညဉ့် (သူကောင်းတည်) မြစ်ရေတင် စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။



ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အအုံများ

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို မန္တလေး တိုင်းတွင်သာမက အခြားပြည်နယ်နှင့် တိုင်းများတွင်ပါ တည် ဆောက်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာ ရှိခဲ့သည်။ ယခုအခါ ၂၀၀၃ခုနှစ်တွင် ဆေးရုံပေါင်း ၇၅၇ရုံ ရှိလာခဲ့ပြီ ဖြစ်သည်။ ဒေသန္တရ ဆေးပေးခန်း ၈၄ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၁၄ခုတို့ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက် ဖွင့်လှစ်ထားပြီးဖြစ်သည်။

ဆေးရုံကြီးအသစ် ၁၄၀ တိုးပွားလာခဲ့သကဲ့သို့ ဆေးရုံများကို အဆင့်မြှင့် တင်ပေးလျက်ရှိရာတွင် ၂၅ ခုတင်ဆံ့မှသည် ခုတင်၅၀၊ ခုတင် ၁၀၀မှ ခုတင် ၂၀၀၊ နောက်ဆုံး ခုတင် ၃၀၀ဆံ့ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၁၄ ရုံကို အဆင့်တိုးမြှင့် ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

မန္တလေးတိုင်း ရမည်းသင်း ခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေ ချောင်းပေါ်တွင် တည်ဆောက် ထားသည့် ဆင်သေရေလှောင် တမံကို ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၃ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ရေလှောင်တမံက လယ်မြေဧက ၃၂၄၀၀ ကို ရေပေးဝေ လျက်ရှိသည်။

ဆေးရုံသစ်ကြီး

မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

လမ်း(၅၀)ဓမ္မာရုံမိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက် လမ်း(၅၀) [အောက်လမ်းသွယ်]ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ် ဓမ္မကထိက ဘဒ္ဒန္တမာလာစာရ(ဓမ္မာစရိယ)အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် တရားတော်များကို စက်တင်ဘာ ၂၅ရက်မှ အောက်တိုဘာ ၁ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ ညစဉ် ၈ နာရီတွင် တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပနိုင်ရေးအတွက် မဟာပါသာဏလိုဏ်ဂူတော် ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်
တော်သလင်းလပြည့်ကျော်(၁၄)ရက်
(အဖိတ်နေ့)
၂၄-၉-၂၀၀၃(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
စည်းလုံးညီညာပြည်မြန်မာ (ညွန့်လှိုင်လှိုင်နှင့်အဖွဲ့)
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အရေးပြိုင်ပွဲ
၈:၀၀ ၆။ မြူမြူကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၇။ နဂါးရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Learning English the Easy and Happy Way For Children and Beginners

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice In Reading
၁၆:၄၀ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ (ပထမဆု)အထက(၁)သန်လျင် (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
၁၇:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၄၀ ၈။ ၂၀၀၃ ခုနှစ် ဇကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၁၇:၅၅ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၁၈:၀၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၈:၁၅ ၁၁။ Discovery
ရွှေနိုင်ငံသစ်အမိမြန်မာပြည် (ရတနာ၊ခွန်ဆင့်နေခြည်)
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Milo Success In Soccer
၁၉:၁၀ ၁၅။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "အဋ္ဌမဆယ်စုနှစ်" အပိုင်း(၅)
၁၉:၂၀ ၁၆။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၇။ ဝင့်ကြွားပေါ်လွင်ရှမ်းတစ်ခွင် ကြိုဆိုခေါ်ဖိတ် ဟဲဟိုးလေဆိပ် သစ်လိုက်ကြ ရွှေနိုင်ငံ လှလိုက်ကြ ရွှေနိုင်ငံ(သီရိကိုကို)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်းများ
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟိုတယ်ချစ်သူ"** (အပိုင်း-၁၇)

▼ နိုင်ငံတော်ဝန်ကြီးချုပ်မှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဇဟန်းမြို့နယ်ရှိ စိုက်ပျိုးရေးပြတိုက်သို့ရောက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စိုက်ပျိုးရေးပြတိုက်အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ်ကို ဇုန်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်မှုနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော် ကန်တော်ကြီးအဆင့်မြှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအနက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Relaxation Zone အဆင့်မြှင့်တင် မွမ်းမံမှုလုပ်ငန်းများကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Central Forest Zone အဆင့်မြှင့်တင်မွမ်းမံမှုလုပ်ငန်းများကိုလည်းကောင်း၊ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အဆင့်မြှင့်တင်မွမ်းမံမှုလုပ်ငန်းများကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Education Zone အဆင့်မြှင့်တင်မွမ်းမံမှုလုပ်ငန်းများကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ရန်ကုန်မြို့တော် ကန်တော်ကြီးအတွင်း စားသောက် ဆိုင်များ Master Plan နှင့်အညီ နေရာချထားတည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း မိမိတို့တာဝန်ယူထားသည့် လုပ်ငန်းများ အပိုင်းလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆက်လက်ဆောင်ရွက်ရန်များကို လုပ်ငန်းအစီအမံအတိုင်း Master Plan နှင့်အညီ စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူလုပ်ကိုင်လျက်ရှိသော Relaxation Zone ၏ မြေယာရှုခင်းပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ဌာနမှူးဦးညွန့်ဖေက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများကိုရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သစ်တောရေးရာ ဝန်ကြီးဌာနက တာဝန်ယူ လုပ်ကိုင်လျက်ရှိသော Central Forest Zone ၌ တည်ဆောက်မည့် Water Plaza တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေကျော်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်တို့က Water Plaza တည်ဆောက်မည့်လုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် ကန်တော်ကြီး အဆင့်မြှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတစ်ခုဖြစ်သော Relaxation Zone အတွင်း ပါဝင်သည့် ပန်းကန်လုံးကျွန်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် ပုလဲကျွန်း အဆင့်မြှင့်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဌာနမှူး ဦးညွန့်ဖေတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

အင်တာနက်မိတ်ဆက်သင်တန်း

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် MCF ၏ IT နည်းပညာဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အရ ရန်ကုန်မြို့၊ လှိုင်မြို့နယ် MICT Park ရှိ Japan-Myanmar e-Learning Centre တွင် အင်တာနက်မိတ်ဆက်သင်တန်းအမှတ်စဉ်(၂၀)ကို အောက်တိုဘာ ၂၉ ရက်(တနင်္လာနေ့)မှ နိုဝင်ဘာ ၁၁ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများသည် Japan-Myanmar e-Learning Centre ဖုန်း-၇၀၇၅၀၃၊ ၆၅၂၂၃၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။ အင်တာနက်မိတ်ဆက်သင်တန်းများကို စဉ်ဆက်မပြတ် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ကမ္ဘာ့ဖလားဂေါက်သီးရိုက်ပြိုင်ပွဲလက်ရည်စစ်ယှဉ်ပြိုင် မြန်မာနိုင်ငံမှကြည်လှဟန်နှင့်အောင်ဝင်းတို့ပထမရရှိ

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၃ ခုနှစ် နိုဝင်ဘာတွင် အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့် ကမ္ဘာ့ဖလားဂေါက်သီးရိုက်ပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲ (Nation Cup) ကို စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ Laguna National Golf And Country Club စင်ကာပူ၌ ကျင်းပခဲ့သည်။

အဆိုပါ ကမ္ဘာ့ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကြည်လှဟန်နှင့် အောင်ဝင်းတို့ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမရရှိကာ လက်ရည်စစ်ပြိုင်ပွဲအောင်မြင်၍ ကမ္ဘာ့ဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ၁၆ နိုင်ငံမှ ထိပ်တန်း ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ကြည်လှဟန်နှင့် အောင်ဝင်းတို့အတွဲက ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ပြီး ၆၆ ချက်၊ ဒုတိယနေ့ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက် ၇၀၊ တတိယနေ့ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး ၆၈ ချက်၊ စတုတ္ထနေ့ပြိုင်ပွဲတွင် တစ်ချက်ပိုရိုက်ကာ ၇၃ ချက်ဖြင့် စုစုပေါင်း ၂၇၇ ချက်ဖြင့် ပထမ၊ အိန္ဒိယက(၇၀+၇၃+၆၈+၇၁) စုစုပေါင်း ၂၈၂ ချက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက(၇၀+၇၃+၆၈+ ၇၁)စုစုပေါင်း ၂၈၂ ချက်စီဖြင့် ဒုတိယ၊ ဟောင်ကောင်က(၆၉+၇၃+၇၂+၇၀) စုစုပေါင်း ၂၈၄ ချက်ဖြင့် တတိယ ရရှိပြီး ၂၀၀၃ ခုနှစ် ကမ္ဘာ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ခွင့်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုဖလားနှင့်အတူ

ကမ္ဘာ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် စင်ကာပူတွင် ကျင်းပခဲ့သည့် လက်ရည်စစ်ပြိုင်ပွဲ (Nation Cup) ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ပထမရရှိသွားသည့် မြန်မာနိုင်ငံမှ ကြည်လှဟန်နှင့် အောင်ဝင်းတို့ ဆွတ်ခူးရရှိသော ဆုဖလားနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၃ ခုနှစ် (၁၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု(ရတခ)ဇုန် မော်လမြိုင်မြို့၌ ကျင်းပသော ပြိုင်ပွဲတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(ရေ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု(နတခ)ဇုန် ဟသ်ာတမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ် အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု(နမခ)ဇုန် မုံရွာမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု(လပခ)ဇုန် မန္တလေးမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို ၁၃ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု(တပခ)ဇုန် တောင်ငူမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



Quality Publishing House စာအုပ်တိုက်၊ ဖုန်း-၇၂၁၀၆၇၊ ၇၀၆၄၁၄၊ အမှတ် ၁၅၃ (ပထမ ထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်သော မြသန်းတင့်၏ မှောင်မိုက်မှာဝိုင် ဘာသာပြန် စာအုပ်မျက်နှာဖုံး။

(က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စက်တင်ဘာ ၂၂ ရက်က တောင်ဒဂုံစက်မှုဇုန်အပိုင်း(၁)ရှိ Earth Industrial (Myanmar) Co., Ltd.၏ အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သားငါးပွံ့ဖြိုး ပြည်အကျိုး

❁ အတွင်းရေးမှူး(၁)မှ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စက်ရုံအစည်းအဝေးခန်းမ၌ Texcel ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာဦးယဉ်ထွေးသက်က စက်ရုံ၏နောက်ခံသမိုင်း၊ စက်ရုံတည်ထောင် ဖွင့်လှစ်ပြီး သွင်းကုန်အစားထိုးလျှပ်စစ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ဈေးကွက် ဖြန့်ဖြူးရောင်းချမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကိုမှာကြားပြီး စက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်ပစ္စည်းထုတ်လုပ်

Texcel ကုမ္ပဏီလီမိတက်သည် ပြည်ပသွင်းကုန်အစားထိုး လျှပ်စစ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်ခလုတ်ပုံး(Electrical Switch Board)၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်း အစိတ်အပိုင်းများဖြစ်သည့် ဝါယာလျှောက်လမ်း(Cable Trunking)၊ ဝါယာလျှောက်ဗန်း (Cable Tray) နှင့် ဝါယာလျှောက်လှေကား (Cable Ladder) တို့ကို တပ်ဆင်ထုတ်လုပ်လျက်ရှိသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Texcel ကုမ္ပဏီလီမိတက်၏လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Reliance FireSystem Co., Ltd.၏ မီးသတ်ဆေးဖျန်းကိရိယာများနှင့် မီးသတ် ဆေးဘူးထုတ်လုပ်သည့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုမြို့ စက်မှုဇုန်အပိုင်း(၃) မင်းသိင်္ခကျော်စွာလမ်းရှိ GP ဘက်ထရီစက်ရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စက်ရုံအစည်းအဝေးခန်းမ၌ GP ဘက်ထရီစက်ရုံ မန်နေဂျင်းဒါရိုက်တာ ဒေါ်ရီစီရောင်းက စက်ရုံဖွဲ့စည်းတည်ထောင်မှု၊ မိမိတို့စက်ရုံက ဘက်ထရီအိုး၊ ဘက်ထရီအိုးသုံး မိုးရည်နှင့် ဘက်ထရီအိုးသုံးအက်ဆစ်တို့ကို ထုတ်လုပ်နေမှု၊ ကုန်ကြမ်းရရှိမှုနှင့်ပြည်တွင်း ပြည်ပ ဈေးကွက်အခြေအနေကိုလည်းကောင်း၊ဘက်ထရီအိုးထုတ်လုပ်ရာ၌ လိုအပ်သော ပုံသွင်းစက်၊ ခဲနှင့် ဆာဖြူရစ်အက်ဆစ်ရရှိမှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ခေတ်မီစက်ကိရိယာများဖြင့် ဘက်ထရီထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ပဈေးကွက်ရောင်းချ

GP ဘက်ထရီစက်ရုံသည် တစ်လလျှင် ဘက်ထရီအိုး ၅၀၀၀ မှ ၁၀၀၀၀ ထိ ခေတ်မီနည်းစဉ်များဖြင့် ထုတ်လုပ်နိုင်စွမ်းရှိကာ နိုင်ငံခြားသို့ ဘက်ထရီအိုးများတင်ပို့နိုင်ရန် စီမံလျက်ရှိသည်။ ထို့ပြင်ဘက်ထရီ အထောက်အကူပြု အက်ဆစ်ပုံးများနှင့် မိုးရည်ပုလင်းများကိုလည်း စနစ်တကျ ပူးတွဲထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ယင်းမှတစ်ဆင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း တောင်ဒဂုံစက်မှုဇုန်အပိုင်း(၁)ယောက်ကော်လမ်းရှိ Earth Industrial (Myanmar) Co., Ltd. ၏ အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံသို့ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမ၌ ကုမ္ပဏီမှတာဝန်ရှိသူများက ကုမ္ပဏီ၏CMP စနစ်ဖြင့် အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှေးဦးစွာ ကုမ္ပဏီဒါရိုက်တာ ဒေါ်ယဉ်နွယ်မြင့်က မြန်မာနိုင်ငံသားများပိုင် Earth Group ကို ၁၉၉၇ ခုနှစ် နှစ်ကုန်မှ စတင်ထူထောင်ခဲ့ပြီး ရှေးဦးစွာ တီဗွီ၊ ဗီဒီယို၊ရေခဲသေတ္တာ၊ လေအေးစက်၊ ကင်မရာ၊ ဆယ်လူလာဖုန်းများ၌သုံးစွဲရသော Transformer & Choke Coil ထုတ်လုပ်သည့်စက်ရုံကို တည်ထောင်ခဲ့ကြောင်း၊ လုပ်ငန်း တိုးတက်အောင်မြင်မှုများအပေါ် အခြေခံ၍ ၁၉၉၉ခုနှစ်တွင် Thermal Cut-Offs စက်ရုံကိုလည်းကောင်း၊ ၂၀၀၀ပြည့်နှစ်တွင် Adaptor၊ Phone Charger၊ Fax၊ Printer စသည့် ပစ္စည်းထုတ်လုပ်သော Printed Circuit Board Assembly စက်ရုံကို လည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါကြောင်း။

မိမိတို့ကုမ္ပဏီ၏ အီလက်ထရောနစ် ပစ္စည်းထုတ်လုပ်မှု အရည်အသွေးအဆင့်အတန်းကောင်းမွန်မှုကြောင့် နိုင်ငံတကာ အသိအမှတ်ပြုခံရသည့်အပြင် နိုင်ငံတကာ Safety Standard နှင့် ညီညွတ်ကြောင်း ထောက်ခံသည့် လက်မှတ်များ ရရှိထားကြောင်း၊ မိမိတို့ထုတ်လုပ်သော အီလက်ထရောနစ်ပစ္စည်းများကို အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်းရှင်းလင်းတင်ပြသည်။

ထို့နောက် အရည်အသွေးစစ်ဆေးရေးအင်ဂျင်နီယာ ဦးကျော်မင်းက စက်ရုံသုံးရုံ၏ အီလက်ထရောနစ်ပစ္စည်းများ အရည်အသွေးခိုင်မာမှုကို အလေးထားဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတကာမှ အသိအမှတ်ပြုလာသည့် တိုးတက်အောင်မြင်မှုများနှင့် စက်ရုံအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခိုင်ဇော်က နည်းပညာတိုးတက်ထွန်းကားသည့်အချိန်အခါ၌ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို အခြေခံထားသည့် အထောက်အကူပြု စက်မှုလုပ်ငန်းကို မိမိတို့နိုင်ငံသားများ၏ စုပေါင်းအင်အားဖြင့်ထူထောင်ခဲ့ပုံ၊ နိုင်ငံခြားမှ နည်းပညာများ လွှဲပြောင်းရယူခဲ့ပြီး တတ်သိကျွမ်းကျင်သော အရည်အသွေးရှိသည့် အတတ်ပညာရှင်များ စုစည်းပျိုးထောင်ခဲ့ပုံ၊ သွင်းကုန်အစားထိုးရုံသာမက ပြည်ပပို့ကုန်အဖြစ် ဖြစ်ထွန်းနေသော စက်မှုလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းတည်ဆောက်ရန် စီစဉ်ထားပုံတို့ကိုလည်းကောင်း၊ လုပ်ငန်းတိုးချဲ့ရေးအတွက် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော်အတွက် အလားအလာ ကောင်းသော တိုးတက်မှုရရှိနေပြီဖြစ်သည့် ယခုကဲ့သို့ စက်မှုလုပ်ငန်းမျိုးများကို မိမိတို့ဝိုင်းဝန်း အားပေးသွားမှာ ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားပြီး ကုမ္ပဏီ၏လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းမေးမြန်းပြီး အကောင်းဆုံး ဖြစ်အောင် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Transformer & Choke Coil Factory၊ Printed Circuit Board Assembly Factory နှင့် Thermal Cut- Offs Factory တို့၏ အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်မှု၊ စမ်းသပ်မှု၊ ထုပ်ပိုးမှုလုပ်ငန်းအဆင့်ဆင့်ကို ဝင်ရောက်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် စက်ရုံနယ်မြေမှ ပြန်လည်ထွက်ခွာသွားသည်။

Earth Group ကုမ္ပဏီသည် လုပ်သားအင်အား ၁၃၀၀ ကျော်ဖြင့် Transformerစက်ရုံမှအဓိကအီလက်ထရောနစ်ပစ္စည်း ၁၂၀ ကို တစ်လလျှင် ၃ ဒသမ ၅ သန်းထုတ်လုပ်နိုင်စွမ်းရှိပြီး Printed Circuit Board Assembly စက်ရုံမှ အဓိက အီလက်ထရောနစ်ပစ္စည်း ၁၀ မျိုးကို တစ်လလျှင် ၁ ဒသမ ၂ သိန်းနှင့် Thermal Cut-Offsစက်ရုံမှ အဓိက အီလက်ထရောနစ် ပစ္စည်းသုံးမျိုးကို တစ်လလျှင်ခြောက်သန်းစီ ထုတ်လုပ်နိုင်စွမ်းရှိပြီး ထုတ်လုပ်သောပစ္စည်းအားလုံးကို ပြည်ပနိုင်ငံများသို့ ရာနှုန်းပြည့် တင်ပို့လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရင်မှာတန်ဖိုးထားပါ၏

* မြစ်ကိုမြင်လျှင်
တံတားဆင်၍
လိုအင်ပြီးမြောက်
နေ့ချင်းပေါက်အောင်
တည်ဆောက်ပေးလာ
စေတနာကို
ရင်မှာတန်ဖိုးထားပါ၏။

* တောင်ကိုမြင်လျှင်
ဖြတ်ကျော်ချင်၍
ဥမင်ကိုဖောက်
တိုးလျှိုပေါက်အောင်
တည်ဆောက်ပေးလာ
စေတနာကို
ရင်မှာတန်ဖိုးထားပါ၏။

* လမ်းဟောင်းမြင်လျှင်
ပြန်ပြုပြင်၍
လိုအင်ပြီးမြောက်
လမ်းသစ်ဖောက်လို့
တည်ဆောက်ပေးလာ
စေတနာကို
ရင်မှာတန်ဖိုးထားပါ၏။ ။

မောင်ရိုးရှင်း(ရွှေပြည်သာ)

တန်းမြင့်မြေတိုင်းပညာသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တန်းမြင့်မြေတိုင်းပညာသင်တန်းအမှတ်စဉ်(၆/၂၀၀၃) သင်တန်း ဖွင့်ပွဲအခမ်းအနားကို တိုက်ကြီးမြို့ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင် ယနေ့ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးရဲဖုန်းမြင့်၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်ဆွေနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊အရာထမ်းများ၊ သင်တန်းနည်းပြများနှင့် တန်းမြင့်သင်တန်းသား စုစုပေါင်း ၁၀၄ဦး တက်ရောက်ကြသည်။

သင်တန်း၌ ပြည်နယ်နှင့်တိုင်း အသီးသီးမှ တန်းမြင့်မြေတိုင်း သင်တန်းသား ၈၄ ဦး တက်ရောက်မည်ဖြစ်၍ သင်တန်းကာလ ခြောက်လကြာသင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏မြေအသုံးချမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်းမှန်ကန်စွာ ကောက်ယူပြုစုရေးအတွက် အဆင့်မြင့် မြေတိုင်းပညာရပ်များလေ့ကျင့်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၄-၉-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၅:၁၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၁၅ ၁၀။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)တတိယနှစ်(ပထဝီဝင်) (ခ)ဒုတိယနှစ်(မြန်မာစာ)
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရုပ်သံလင်းရုပ်မြင်ဇာတ်လမ်း **"နေခြည်ဆန်းတဲ့ ချစ်ပန်းဝတ်ရည်"** (အပိုင်း-၁၈)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ ရုပ်သံလင်းရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက မြစ်တစ်စင်း"** (အပိုင်း-၂၇)

ဆေးခြောက်ဖမ်းဆီးရမိမှုပြစ်ဒဏ်ချမှတ်

ရန်ကုန် စက်တင်ဘာ ၂၃

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် မတ် ၆ ရက်တွင် သတင်းအရ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် သုခလမ်း အမှတ်(၈၄)နေ လူဦး၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ လူဦး ဝတ်ဆင်ထားသည့် လုံချည်အတွင်းမှ ဆေးခြောက် ၅၇ ဒသမ ၁၅ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် သုခလမ်း အမှတ်(၈၄)နေ ဦးတင်ရွှေ၏သား လူဦးအား အင်းစိန်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၄/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဩဂုတ် ၈ ရက်တွင် တရားရုံးက တရားခံလူဦးအား မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀) ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည် သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ (အင်းစိန်)ကို ၁၉၉၀ ပြည့်နှစ်မှစတင် တည်ထောင်ကာ ဝိပဿနာဉာဏ်များ ပေးလှူနေသော မဟာစည်နာယက သာသနာ့ဗိမာန်ရိပ်သာဆရာတော် ဘဒ္ဒန္တ ဝါယာမာဝုဓ(မဟာကမ္မဋ္ဌာနာစရိယ)အား တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့က နှစ်စဉ်အမြဲစုပေါင်း ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁၀ရက် နံနက် ၉ နာရီတွင် သာသနာ့ဗိမာန်ရိပ်သာ မဟာသုခိတာလမ်းအရှေ့ကြို့ကုန်း အင်းစိန်မြို့နယ်၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြိုးခြံချောတား ထိန်းပါလေလွှင့် ထုတ်ကုန်မြှင့်

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မန္တလေးမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ ကြည့်ရှုစစ်ဆေး ပြည်သူများဝယ်ယူမှုအဆင်ပြေအောင် ရောင်းချပေးရေး ဆွေးနွေးမှာကြား

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေး ကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၆၃၁) သို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်သုံးဆီအရောင်းဆိုင်အတွင်း ဆီဖြည့်နေစဉ် ဆီဆိုင်အနီး လက်ကိုင်ဖုန်းမပြောရေး၊ ဝယ်ယူသူများ လွတ်လပ်စွာဝယ်နိုင်ရေးမှာကြားပြီး စက်သုံးဆီဝယ်ယူသူများနှင့်တွေ့ဆုံကာ အခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အောင်ပင်လယ်၊ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဓာတ်အားခွဲရုံလုံခြုံရေး၊ လျှပ်စစ်ဓာတ်အား အလေအလွင့်မရှိစေရေး၊ လျှပ်စစ်ဓာတ်အား စနစ်တကျ ဖြန့်ဖြူးပေးရေး၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး တို့အတွက် စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ချမ်းမြသာစည်မြို့နယ် စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၁၂) သို့ သွားရောက်၍ စက်သုံးဆီဝယ်ယူသူများနှင့် တွေ့ဆုံကာ ဝယ်ယူရရှိမှုအခြေအနေ၊ အပိုသုံးဆီဝယ်ယူရရှိမှုအခြေအနေများကို မေးမြန်းပြီး အရောင်းဆိုင်မီးဘေးလုံခြုံရေး၊စက်သုံးဆီများလေလွင့်မှုမရှိစေရေး၊ ပြည်သူများ ဝယ်ယူမှုအဆင်ပြေအောင် ရောင်းချပေးရေး ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ် စစ်ဆေးရေး ကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းမန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိစက်သုံးဆီအရောင်းဆိုင်တွင်ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်ချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၂၃

၁၃၆၅ ခုနှစ် တော်သလင်းလကွယ် (စက်တင်ဘာ ၂၅ ရက်) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) ခင်မကန်တိုက်ကျောင်း စစ်ကိုင်းဆရာတော် ဦးခေမိန္ဒ အရှင်သူမြတ်က လည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်း ဇေယျဝတီအနောက်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ (အဂ္ဂမဟာပဏ္ဍိတ)အရှင်သူမြတ်က လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရစ်ချ်တာစကေး ၆ဒသမ ၇ရှိ အင်အားပြင်း မြေငလျင်လှုပ်

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ၀၀ နာရီ ၄၆ မိနစ်၃၇စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ မြောက်ဘက်မိုင် ၂၂၀ ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းနှင့်စာနယ်ဇင်း ငွေစုငွေချေးသမဝါယမ စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၀၂-၂၀၀၃ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်း အဝေးကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း မြန်မာ့သတင်းစဉ် (ပြည်တွင်း)အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မန်နေဂျာ ဦးညွှန့်လှိုင်နှင့် အမှုဆောင်ကော်မတီဝင်များ၊ ဗိုလ်တထောင်မြို့နယ် သမဝါယမဦးစီးဌာနဦးစီးမှူး ဦးဝင်းကြည်၊ တာဝန်ရှိသူများနှင့် အသင်းသား အသင်းသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဦးညွှန့်လှိုင်နှင့် ဗိုလ်တထောင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဝင်းကြည်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၀၂-၂၀၀၃ ခုနှစ် အမှုဆောင်အဖွဲ့၏လုပ်ငန်း အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို ဖတ်ကြားဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၂ ရက်က ပန်းတနော်-ဂုံမင်းကျေးလက်လမ်းကျောက်ချောလမ်း ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ပန်းတနော်မြစ်ကမ်း ကျောက်စုပုံစခန်းမှ ကျောက်ကြီးများ သယ်ယူခြင်း၊ ကျောက်ခွဲစက်ဖြင့် ကျောက်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်စဉ်။ (၃၂၇)

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၂၃

သင်္ဃန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်တွင် (၁၃)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၈ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်သည်ဟုသိရသည်။ **(က-ပ)**

အီလက်ထရွန်နစ် စက်ပြုပြင်မှုသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၃

စိတ်ပါဝင်စားသော လူငယ်များအတွက် ဝါရင့်ကျွမ်းကျင် လက်ရွေးစင် အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာတွေ့လက်တွေ့၊ လက်တွေ့အသုံးချ လျှပ်စစ်သင်တန်း၊ အီလက်ထရွန်နစ်သင်တန်း(ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗီ၊ ဗီဒီယို)၊ Programmable Logic Controls (P.L.C) ရေးဆွဲနည်း စာတွေ့လက်တွေ့ သင်တန်းသစ်များကို အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ Elite Engineering Gourp အမှတ် ၅၁၊ မြေညီထပ်၊ ၃၈ လမ်း(ကမ်းနားဘလောက်) ရန်ကုန် ဖုန်း-၀၁-၂၄၂၂၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

စက်တင်ဘာ ၂၁ ရက်က ကျင်းပသော ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မခင်မြနှစ်အား ကျောင်းအကျိုးတော်ဆောင် ဦးကိုကိုအေးမိသားစုက ရွှေတစ်ကျပ်သားရှိ ရင်ထိုးတံဆိပ် ချီးမြှင့် တပ်ဆင်စဉ်။ (က-ပ)

ဒဂုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

ဒဂုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ပဉ္စမအကြိမ်မြောက် သက်ကြီးရွယ်အိုများအား ထောက်ပံ့လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးခမ္မဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိမိခင်၊ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းစိုးနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အပူဇော်ခံဘိုးဘွား ၂၅ ဦးအား ငွေနှင့်ပစ္စည်းများ လှူဒါန်းပူဇော်ကန်တော့ကြပြီး အပူဇော်ခံသက်ကြီးများက ဆုတောင်းစကားများ ပြောကြားကာ အသင်းဥက္ကဋ္ဌ ဒေါ်မိမိခင်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၂၁ ရက်က အင်းစိန်မြို့နယ် အလက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးအပ်ပွဲတွင် မြောက်ပိုင်းခရိုင် ပညာရေးမှူး ဦးရဲနောင်က ပထမတန်းမှ ပဉ္စမတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသော မဆုလာဘ်ရတနာအောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားဆောင်ရွက်နေသည့်နိုင်ငံဖြစ် စီးပွားရေးဖွံ့ဖြိုးလာအောင် သမားရိုးကျနည်းလမ်းသာမကခေတ်မီနည်းစနစ်ကိုပါသုံးစွဲ ဒေသဆန်ဆိုင်ရာ ဖူလုံရုံနှင့်ကျေနပ်မနေဘဲ နိုင်ငံတော်အတွက်အကျိုးရှိအောင်တိုးချဲ့စိုက်ပျိုး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးတိုင်း ထန်းတပင်မြို့နယ်တွင် မိုးစပါးစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၃

ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စက်တင်ဘာ ၂၁ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သူရမောင်နီနှင့် တောင်ငူတပ်နယ်မှ တပ်မတော်အရာရှိများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် တောင်ငူမြို့နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံတပ်ရင်းခန်းမ၌ တောင်ငူတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး တပ်မိသားစုများ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးတို့ကို မှာကြားကာ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဒေသမျိုးရိုးကြက်ခြံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဆိုပါကြက်ခြံရှိ ကြက်ဥအလုံးရေ တစ်သောင်းအထိအပူငွေ့ပေးနိုင်ပြီး ကြက်ဥအလုံးရေ ၆၈၀၀အထိ သားဖောက်ပေးနိုင်သည့် ကြက်ဥဖောက်စက်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် တောင်ငူခရိုင် ထန်းတပင်မြို့သို့ ရောက်ရှိကြပြီး သီရိမင်္ဂလာခန်းမ၌ ထန်းတပင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအဓိကထားနေရသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို သမားရိုးကျနည်းလမ်းများသာမက ခေတ်မီနည်းစနစ်များအသုံးပြု၍ စိုက်ပျိုး၊ မွေးမြူနိုင်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်ပင်သုံးမျိုး၊ အမည်သစ်(အမယ်သစ်)သီးနှံသုံးမျိုးကို တိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်က သတ်မှတ်ပေးထားပြီးလည်းဖြစ်ကြောင်း၊ ဤဒေသနှင့် ကိုက်ညီသည့် သီးနှံသီးပင်များကို သတ်မှတ်ထားသည်နှင့်အညီ တိုးချဲ့စိုက်ပျိုးရန်လိုအပ်ကြောင်း၊ အထူးသဖြင့် မိုးစပါး၊ နွေစပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊နှမ်း၊ နေကြာနှင့် သစ်ဆိမ့်ပင်တို့ကို စိုက်ပျိုးရန်လိုကြောင်း၊ အမည်သစ် (အမယ်သစ်) သီးနှံများဖြစ်သော ငရုတ်ကောင်း၊ လက်ဖက်၊ ကော်ဖီတို့ကိုလည်း စိုက်ပျိုးရန်လိုကြောင်း။



သားငါးဖူလုံစေရေးအတွက်လည်း ကြက်၊ဘဲ၊ငါး၊ပုစွန် မွေးမြူရေးတို့ကို ခေတ်မီနည်းများဖြင့် ဆောင်ရွက်ရန်လိုအပ်သည့်အပြင် ကြက်မွေးမြူရေးတွင် ဒေသကြက်မျိုးများကို တစ်ပိုင်တစ်နိုင် မွေးမြူရန်လိုအပ်ကြောင်း၊ ဤဒေသ၌ ဆန်၊ဆီ ဖူလုံမှု ရှိသော်လည်း ရရှိပြီးအခြေအနေကို ကျေနပ်မနေဘဲ တိုင်းအတွက်၊ နိုင်ငံတော်အတွက် အကျိုးရှိအောင် တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း။

မိမိတို့မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများကို မြို့ရွာအင်္ဂါရပ်နှင့်ညီအောင် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ချမှတ်ပေးထားသည့် ထန်းတပင်မြို့နယ်၏ ၂၀၀၃-၂၀၀၄ ခုနှစ် စီမံကိန်းရည်မှန်းချက်များပြည့်မီရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ်ရှိ တောင်သူ ဦးမောင်ပု၏ မိုးစပါးစိုက်ကွင်းသို့ သွားရောက်ကြည့်ရှုရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမောင်က စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စပါးစိုက်ဧကတိုးချဲ့ရန်နှင့် တစ်ဧကတင်း၁၀၀ထွက်ရှိရေးအတွက်တောင်သူများအား ထိထိရောက်ရောက်ပညာပေးဆောင်ရွက်ရန် မှာကြားသည်။

ထန်းတပင်မြို့နယ်၌ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးရန် လျာထားဧကမှာ ၆၂၆၅၁ဧကဖြစ်ပြီး စိုက်ပျိုးပြီးဧကမှာ ၆၃၇၅၉ ဧကဖြစ်သဖြင့် စိုက်ပျိုးပြီးစီးမှု ရာခိုင်နှုန်းမှာ ၁၀၀ ဒသမ၇၇ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့နယ် နယ်မြေခံတပ်ရင်းသို့ သွားရောက်ပြီး တပ်ရင်းမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူ-လိပ်သို ကားလမ်းရှိ မြန်မာ့စိုက်ပျိုး မွေးမြူရေးလုပ်ငန်း ကော်ဖီတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းရုံး ကျောက်တိုင် ကော်ဖီပျိုးခင်းသို့ရောက်ရှိလာရာ ခြံတာဝန်ခံဦးထိုက်နှင့် တာဝန်ရှိသူများက ကော်ဖီနှင့်ငရုတ်ကောင်းပျိုးပင်များ စိုက်ပျိုးမှု၊ တောင်သူများထံ ဖြန့်ဖြူးရောင်းချမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချရန်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်သူဦးစောရော်ဘင်ချစ်၏ဥယျာဉ်မြေနှစ်ဧကနှင့် တောင်သူဦးငွေထွန်း၏ ဥယျာဉ်မြေနှစ်ဧကတို့၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ကော်ဖီနှင့် ငရုတ်ကောင်းပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ ဦးရဲဝင်း၏ ရွှေဝါကြက်ခြံသို့ ရောက်ရှိကြရာ ဦးရဲဝင်းက Babcock အမျိုးအစား ဥစားကြက်များမွေးမြူမှု၊ ကြက်ဥရောင်းချမှုတို့ကို ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကြက်ခြံ၌ Babcock အမျိုးအစား ကြက်ကောင်ရေ၂၀၀၀၀ မွေးမြူထားပြီး ကြက်ကောင်ရေ ၆၀၀၀ တိုးချဲ့မွေးမြူရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ လက်ရှိမွေးမြူထားသော ကြက်များ၏ ဥထွက်နှုန်းမှာ နေ့စဉ် ပျမ်းမျှ ၁၂၀၀၀ခန့်ထွက်ရှိပြီး တောင်ငူမြို့နယ် ဝန်းကျင်သာမက ရန်ကုန်မြို့သို့ပါတင်ပို့ရောင်းချလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံး ကာတွန်းနှင့် ကာတွန်းတင်အောင်နီ၏ ကိုပြာလောင်ကာတွန်း ဇာတ်လမ်း အပါအဝင် ဆရာသာဂဒိုး၊ ဆရာမင်္ဂလာဈင်အောင်၊ ဆရာမောင်နေမျိုး၊ ဆရာအိကြာကွေး၊ ဆရာမြေဇာ၊ အောက်တိုဘာအောင်ကြီး၊ ကာတွန်း မြင့်စိုးလေး၊ ဆြာကြီးထိန်၊ တို့၏ ဟာသရသ အတွေးအရေးများဖြင့် ဝါမိုးအောင်စာပေ၊အမှတ် ၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိ လိုက်သည့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၈) မျက်နှာဖုံး။ **(က-ပ)**

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်၏ ကိုးနှစ်မြောက် အသင်းနှစ်ပတ်လည်နေ့ကို စက်တင်ဘာ ၁၆ရက်က ကျင်းပရာ ဝန်ထမ်းများအတွက် ဝတ်စုံစရိတ်များကို အသင်းစုဥက္ကဋ္ဌ ဦးမြင့်နိုင်က ဝန်ထမ်းများကိုယ်စား ဒေါ်မြသိန်းအား ပေးအပ်စဉ်။ (၁၁၅)

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၃

OBF Language Centre တွင် အင်္ဂလိပ်စာနှင့် အင်္ဂလိပ် စကားပြောသင်တန်းများဖြစ်သော Spoken English Courseသင်တန်းကို စက်တင်ဘာ ၂၇ ရက်တွင် လည်းကောင်း၊ Grammar & Writing Course, Interactive General English Course, All-Round Development Course (Speaking၊ Listening၊ Reading၊ Writing) သင်တန်းများကို စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်များတွင်လည်းကောင်း၊ IELTS (International English Language Testing System)သင်တန်းကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၉ ရက်များတွင်လည်းကောင်း ဖွင့်လှစ်မည်။

TOEFL (TWE), BEC English Course သင်တန်းများကို ဆရာတိုနီက သင်ကြားပို့ချပေးမည်ဖြစ်ရာ အမှတ် ၂၃၃၊ ၃၅ လမ်း (အထက်ဘလောက်) ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၈၆၀၁၇ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ဆီးချိုရောဂါသုတေသနလုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် (Planning Workshop for the Study of Prevalence of Diabetes Mellitus and prevalence of risk factors for major non-Communicable diseases in Yangon, Myanmar)မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း ဆီးချိုရောဂါဖြစ်ပွားနှုန်းနှင့် ကူးစက်ခြင်းကြောင့် မဟုတ်သော အဓိကရောဂါများ ဖြစ်စေနိုင်သည့် အချက်အလက်များ ဖြစ်ပွားနှုန်းကို လေ့လာခြင်း သုတေသနလုပ်ငန်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ပိုင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ကျွမ်းကျင်သူပညာရှင်များနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်မှ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများက ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Echo Media အမှတ် ၁၅၈၊ အခန်း ၁၇၊ ပထမထပ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၄၂၅၂ က ထုတ်ဝေဖြန့်ချိသော ဆူးငှက်၏ မန္တလေးကွန်ဆတ်တို စာအုပ်မျက်နှာဖုံး။ (က-ပ)

အပ်ချုပ်သင်တန်း ဖွင့်လှစ်ထား

ရန်ကုန် စက်တင်ဘာ ၂၃

မဏိစန္ဒာ အပ်ချုပ်သင်တန်းကို ဆရာမကြီးဒေါ်မြမြဝင်း ဦးဆောင်၍ ဆရာမ ၁၈ယောက်တို့က အပ်ချုပ်ဘာသာရပ်ငါးဘာသာကို တစ်ဘာသာလျှင် ပုံဆန်း ၁၀၀ ခန့်ဖြင့် တစ်ဦးချင်းစနစ်တကျ အတတ်သင်ပေးလျက်ရှိသည်။ ထို့အပြင် သိုးမွှေးထိုးသင်တန်းကိုလည်း တာဝန်ယူသင်ကြားပေးနေပြီး အိမ်အရောက် သီးသန့်သင်တန်းနှင့် ရုံးသမားများ ရုံးချိန်လွတ် အထူးသီးသန့် သင်ကြားပေးနေပြီဖြစ်သည်။ အသေးစိတ်သိလိုပါက အမှတ် ၆၅၊ အနော်ရထာလမ်း၊ (အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်)နှင့် ၁၀၄/၁၁၂၊ အနော်ရထာလမ်း၊ ၃၈ လမ်းနှင့် ၃၇ လမ်းကြားတွင်လည်းကောင်း၊ ဖုန်း-၀၉-၅၀၀၇၆၅၀၊ ၂၈၆၃၉၀၊၂၈၉၀၇၀ သို့လည်းကောင်း ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ (၂/၂၀၀၃)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဆွေးနွေးစဉ်။

(သတင်းစဉ်)

အမျိုးသမီးများနှင့်အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကြီးအောင်မြင်စွာကျင်းပရေး ညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ (၂/၂၀၀၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ(IBC)၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင်ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ အကြံပေး ပုဂ္ဂိုလ်များဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကကြီးများ ဦးဆောင်အဖွဲ့ဝင် ဒေါ်ခင်ခင်ဝင်းနှင့် ဦးဆောင်အဖွဲ့ဝင်များ၊ နာယကများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ အမျိုးသမီးများနှင့် အားကစား ဆိုင်ရာအမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ ပုံမှန်အစည်းအဝေးတွင် ၂၀၀၃ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ မြန်မာနိုင်ငံက ပထမဆုံးအကြိမ်ကျင်းပမည့် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေး ကော်မတီဝင် ပါမောက္ခဒေါ်မြမြက အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် စီမံချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပရေးလုပ်ငန်း ကော်မတီ၏ အထောက်အကူပြု ဆပ်ကော်မတီဝင်များက ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေး ချက်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

‘ဝ’ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာဦးစီးဌာနမှ အင်ဂျင်နီယာများ လိုက်ပါလျက် စက်တင်ဘာ ၁၆ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာကော်အက်-မိုင်းပတ်-ဝိန်းကောင်-ပန်ဆန်းကျောက်ခင်းလမ်းအဆင့်မြှင့်တင်ရေးအတွက် အသေးစိတ် လိုက်လံစစ်ဆေးပြီး လမ်းခရီးတစ်လျှောက်ရှိ ကျောက်ထုတ်စခန်းများတွင်ကျောက်ထုတ်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၁၇ ရက်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပန်ဆန်းမြို့တွင် မိုင်းပတ်-ဝိန်းကောင်-ပန်ဆန်းလမ်း ကတ္တရာခင်းရေးနှင့်ပတ်သက်၍ ဒေသမှတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပန်ဆန်းမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၊ မြို့နယ် ပြည်သူ့ဆေးရုံ နယ်လှည့်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးများသို့ သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စက်တင်ဘာ ၁၈ ရက်တွင် ဝိန်းကောင်အခြေခံပညာအလယ်တန်းကျောင်းနှင့် ဆေးရုံအား လည်းကောင်း၊ နောင်ခစ်အခြေခံပညာမူလတန်းကျောင်းနှင့် ဆေးပေးခန်းတို့အားလည်းကောင်း ဝင်ရောက် စစ်ဆေးပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ်ရုံးက အမက(၂၅)ဗဟန်းတွင် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် နယ်လှည့်စာဖတ်ခန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

MIEC/PMC Group သည် ကျောင်းသားလူငယ်များ အင်္ဂလိပ်စာ အရည်အသွေး တိုးတက်မြင့်မားရေးနှင့် နိုင်ငံတကာပညာရေး ဆည်းပူးနိုင်ရန် လစဉ်၊ အပတ်စဉ်တန်းခွဲများ ဖွင့်လှစ်ပြီး သင်ကြားပေးနေသည့်အပြင် ပညာသင်ဆုစာမေးပွဲများကို ဝင်ရောက်ဖြေဆိုနိုင်ရန် သင်တန်းဖွင့်ပြီးသင်ကြားပေးလျက်ရှိသည်။စင်ကာပူ Scholarship စာမေးပွဲများတွင် အင်္ဂလိပ်စာတစ်ဘာသာတည်းစစ်မည်ဖြစ်ပြီးပညာသင်ဆုရနိုင်သည့်စင်ကာပူကျောင်းများ၏ ပညာရေးအစီအစဉ်များကိုလည်း ဟောပြောပွဲကျင်းပပြီး ရှင်းပြပေးလျက် ရှိသည်။ စက်တင်ဘာ ၂၇ ရက်(စနေ နေ့)တွင် Marketing Instiute of Singapore နှင့် Northumbria Uni versity (UK) ပညာရေးအကြောင်း ဟောပြောပွဲ ကို Grand Plaza Parkroyal Hotel၌ ကျင်းပမည်ဖြစ်ရာ တက်ရောက် ခွင့်လက်မှတ်ထုတ်ယူခြင်းနှင့် အသေးစိတ် အချက်အလက်များကို MIEC/PMC Group အခန်း ၀၁၊ ၁၂ ထပ်၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဖုန်း-၂၄၃၁၆၁၊ ၂၅၆၆၀၂ တို့ထံတွင် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သမဝါယမဈေးပွဲတော် ညောင်ရွှေမြို့၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ် သမဝါယမဈေးပွဲတော်ကို ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနနှင့် ရန်ကုန်တိုင်း ရွှေရည်လွင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ပူးပေါင်း၍ ညောင်ရွှေမြို့ အလက(၂) စုဝေးကွင်းတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဈေးပွဲတော်ကြီး၌ အဆင့်မြင့်အလှကုန်ပစ္စည်းများ၊ တိုင်းရင်းဆေးပစ္စည်းများ၊ အိမ်ရှင်မအကြိုက်မီးဖိုချောင်သုံးပစ္စည်းများ၊ အဆင့်မြင့်ရေတ်သီးမှုန့်၊ မယ်လမင်းပစ္စည်း၊ ဆပ်ပြာမွှေးခဲ၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေးအစရှိသော တစ်ကိုယ်ရေသန့်ရှင်းရေးအသုံးအဆောင်များ၊ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့် လိုက်ဖက်ညီသော ကော်ဖီမစ်၊ တီးမစ်၊ ကွေကာအုပ်၊ အချိုရည်နှင့် အဆင့်မြင့်စားသောက်ကုန်များ၊ တိုင်းရင်းသားရိုးရာဝတ်စုံနှင့် ထုတ်ကုန်များ၊ အနုပညာလက်ရာမြောက် လက်မှုပစ္စည်းများ၊ကျောင်းသုံး၊ ရုံးသုံးစာရေးကိရိယာများ၊ အလှအပတန်ဆာဆင် အသုံးအဆောင်များ၊ အမျိုးသမီးဝတ် ဖက်ရှင်ဒီဇိုင်းဆန်းအမျိုးမျိုး၊ အမျိုးသားဝတ်ဘောင်းဘီ၊ အဆင့်မြင့် ရုပ်အင်္ကျီ၊ ဖိနပ်များ၊ ခေါင်းလျှော်ရည်များ၊ စားသောက်ဆိုင်များ စုံလင်စွာဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ပြပွဲလာပြည်သူများအား ရောင်းအားမြှင့်တင်ရေးသရုပ်ဆောင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှု၊ ကြော်ငြာ သရုပ်ဆောင် ပြသမှုအစီအစဉ်များ၊ ပျော်ရွှင်စရာ ကံစမ်းမဲများ၊ လက်ဆောင်ပစ္စည်းများနှင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ပြခန်းနေရာချထားရေးအဖွဲ့ Nay La Exhibition Services အမှတ် ၂၅၊ ၁၀၀ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ် ဖုန်း-၀၁-၂၀၀၁၄၆၊ ၀၈၁-၂၁၆၇၂၊ ၀၈၁-၂၉၀၀၅၊ ၀၈၁-၂၉၄၂၇ မှတစ်ဆင့် ကြိုတင်ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စက်တင်ဘာ ၂၀ ရက်က လှိုင်သာယာမြို့နယ် အလက(၃)ကျောင်းတွင် အလှူရှင် ဦးစန်းယု-ဒေါ်စောယုမေတို့က သမီး မစောရတနာဦး၏ လေးနှစ်မြောက် မွေးနေ့အလှူဒါနအဖြစ် အာဟာရကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်နှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်စဉ်။

(က-ပ)

သတိ

၁။ ဖြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုးဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ဖြောက်အိုးဖောက်လျှင် ထောင်ဒဏ် ၃ နှစ်

(ခ) ဖြောက်အိုးရောင်းလျှင်၊ ဖြောက်အိုးထုတ်လုပ်လျှင် ထောင်ဒဏ် ၅ နှစ်

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စက်တင် ဘာ ၂၃ ရက်က ၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် သဃ်န်းကျွန်းမြို့နယ် မွတ်စလင် သက်ကြီးဂေဟာသို့ ငွေလှူဒါန်းပွဲတွင် လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းက အလှူငွေကျပ် ငါးသောင်းနှင့် ဆေးဝါးများပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင်ကော်မတီစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၉/၂၀၀၃) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)၊ တွဲဖက် အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူရှင် ဒေါက်တာတင်ထွန်းဦး(သုတစွယ်စုံစာအုပ်တိုက်)ကအလှူငွေကျပ်၂၃၈၀၀၀ ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ကလက်ခံသည်။

ဆက်လက်၍ အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)က အစည်းအဝေး အမှတ်(၈/၂၀၀၃)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုတို့ကို တင်ပြသည်။

ထို့နောက်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားမှုများကို တင်ပြကြ၍ ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး သဘာပတိကနိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မဟာသတင်းဂျာနယ်ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၂၃

ယခုအပတ်ဖြန့်ချိသည့် မဟာသတင်းဂျာနယ် အတွဲ(၂)၊အမှတ်(၄)တွင် စွန်ရဲ၏တွေ့ကြုံခဲ့ရလူ့ဘဝ (၃၈)၊ ချစ်နိုင်(စိတ်ပညာ)၊ မသက်ဆွေ (သရက်)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ဆူဒိုနင်၊ တက္ကသိုလ်ထွန်းနောင်တို့၏ ဆောင်းပါးများနှင့် အတူ အပတ်စဉ်ပါနေကျ ပြည်တွင်းပြည်ပ အနုပညာ၊ အားကစားသတင်းများ၊ မြတ်ခိုင်၏အမေးတစ်ထောင်နှင့် အင်္ဂါစကားဝိုင်းတို့ ပါဝင်ကြောင်း သိရသည်။ **(က–ပ)**

အာရှတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတံဆိပ်နှစ်ခုဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၃

၂၀၀၃ ခုနှစ် (၁၅)ကြိမ်မြောက် အာရှတံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၂၀ ရက်မှစတင်၍ ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲ၏ အမျိုးသမီးမီတာ ၈၀၀ ဗိုလ်လုပွဲကို ယနေ့ကျင်းပရာ မြန်မာနိုင်ငံမှ အပြေးမယ် ရင်ရင်ခိုင်က စံချိန် ၂ မိနစ် ၁၃သမ ၈စက္ကန့်ဖြင့် ပထမရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

မြန်မာနိုင်ငံမှအပြေးမယ် ရင်ရင်ခိုင်သည် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပပြီးစီးခဲ့သော အမျိုးသမီး မီတာ ၄၀၀ ဗိုလ်လုပွဲတွင်လည်း စံချိန် ၅၂ ဒသမ ၉၆ စက္ကန့်ဖြင့် ပထမရရှိခဲ့ပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

ရင်ရင်ခိုင်သည် ယင်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းဗိုလ်လုပွဲတက်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားပြိုင်ကွင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အောင်ကျော်ကျော်က သွင်းယူသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းသည် စက်တင်ဘာ ၂၆ ရက်တွင် ဗိုလ်လုပွဲအဖြစ် လယ်ယာထွက်ကုန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် တာဝန်ရှိသူများ စက်တင်ဘာ ၂၃ ရက် နံနက်က ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေးဝင်းအတွင်း၌ ရေဆိုးသန့်စင်ကန်များတွင် ပိုင်ရိုက်ခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၂၁၀)

အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပြိုင်ပွဲ ကာကွယ်ရေးအကြိုဗိုလ်လုပွဲတက်

ရန်ကုန် စက်တင်ဘာ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ်ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်းကွင်းဖွင့်ဘောလုံးပြိုင်ပွဲ စတုတ္ထကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကာကွယ်ရေးအသင်းနှင့် လယ်/ဆည်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကာကွယ်ရေးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အုပ်စုပထမရရှိခဲ့သော ကာကွယ်ရေးအသင်းက အုပ်စုဒုတိယ ရရှိခဲ့သော လယ်/ဆည်အသင်းကို ပုံမှန် ပွဲကစားချိန် မိနစ် ၉၀ ကစားပြီးသည်အထိ အနိုင်ဂိုးမသွင်းနိုင်ဘဲ အချိန်ပိုတွင် ရွှေဂိုးသွင်းကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။

ကာကွယ်ရေးအသင်းအတွက် အနိုင်ဂိုးနှင့် ရွှေဂိုးကို အချိန်ပို ဒုတိယပိုင်း ၄ မိနစ်တွင် အောင်မိုးဦးက သွင်းယူသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ကာကွယ်ရေးအသင်းမှ ဌေးအောင်ကရရှိသည်။ ကာကွယ်ရေးအသင်းသည် အကြိုဗိုလ်လုပွဲတွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စက်တင်ဘာ ၂၅ ရက် ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပထမအကြိုဗိုလ်လုပွဲအဖြစ် တံခွန်အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဥရောပအဖွဲ့ချုပ်ဖလားပွဲစတင်

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဖလားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်တွင် စတင်ပြုလုပ်မည်ဖြစ်ရာ ပွဲပေါင်း ၄၈ ပွဲ ကစားရမည်။ ပထမအပတ်ပွဲကစပြီး အပြန်အလှန်ပွဲများကစားရကာ ရှုံးထွက်စနစ်ဖြစ်သည်။

နာမည်ကြီးအသင်းများပါဝင်

အင်္ဂလန်မှ လီဗာပူး၊ ဆောက်သမ်တန်၊ မန်ယူ၊ နယူးကာဆယ်၊ မန်စီတီး၊ ဘလက်ဘန်း စသည့် နာမည်ကြီးအသင်းများ ပါဝင်ကစားသကဲ့သို့ စပိန်မှ နာမည်ကြီးများဖြစ်ကြသော ဘာဆီလိုနာ၊ ဗလင်စီယာ၊ မာယော့ကာ၊ ဗီလာရီးယဲ၊ အီတလီမှ အူဒီနီးစီး၊ ပါးမား၊ ပရူးဂျား၊ ရိုးမား၊ ပေါ်တူဂီမှ ဘင်ဖီကာ၊ ဂျာမနီမှ ဒေါ့မွန် စသည့်နာမည်ကြီးအသင်းများ ပါဝင်သည်။

အင်္ဂလန်အသင်းများ၏ပွဲ

စက်တင်ဘာ ၂၄ ရက် ပထမအပတ် ၄၈ ပွဲစလုံး ပြုလုပ်မည်ဖြစ်ရာ လီဗာပူးနှင့် ဆလိုဗေးနီးယားမှ အိုပင်ပီယာတို့ အင်္ဂလန်မှာ ကစားရသကဲ့သို့ အင်္ဂလန်မှာပင် နယူးကာဆယ်နှင့် ဟော်လန်မှ ကရိုဒါတို့ကစားရကာ မန်ချက်စတာမှာလည်း မန်စီတီးနှင့် ဘယ်လ်ဂျီယံမှ လိုကေရန်တို့ ကစားရပြီး စိန့်မေရီကွင်းတွင် ဆောက်သမ်တန်နှင့် ရိုမေးနီးယားမှ နာမည်ကြီးစတီဝါဘူခါရက်တို့ ကစားရမည်။ အင်္ဂလန်ကလပ် ဘလက်ဘန်းသည် တူရကီတွင် ဂျန်ကလာဘာလီနီနှင့် ကစားရမည်။

အီတလီအသင်းများ၏ပွဲ

အီတလီမှ ရိုးမားနှင့် မက်ဆီဒိုးနီးယားမှ မာဒါတို့ ရောမ၌ကစားရပြီး အူဒီနီးစီးကလည်း အိမ်ကွင်း၌ သြစတြီးယားမှ ဘော့လ်စ်ဘတ်နှင့် ကစားရကာ ပါးမားမှ ယူကရိန်းတွင် ဒါနက်စ်နှင့်ကစားရသကဲ့သို့ ပရူးဂျားလည်း စကော့တလန်တွင် ဒန်ဒီနှင့် ကစားရမည်။

စပိန်မှဘာဆီလိုနာက ဆလိုဗက်ကီးယားတွင် ပူဂျော့နှင့် ကစားရပြီး ဗလင်စီယာကလည်း ဆွီဒင်မှ ဘိုလ်နာနှင့် ကစားရကာ ဗီလာရီးယဲမှု စပိန်မှာပင် တူရကီမှ တရပ်ဇွန်စပွန်နှင့် ကစားရသကဲ့သို့ မာယော့ကာလည်း စပိန်မှာပင် ဆိုက်ပရပ်မှ နီကိုရှားအသင်းနှင့် ကစားရမည်။

ဂျာမနီအသင်းများပွဲစဉ်

ဂျာမနီမှ ဒေါ့မွန်က သြစတြီးယားတွင် ဗီယင်နာအသင်းနှင့်ကစားရပြီး ဂျာမနီတွင် ရှော့ကေးနှင့် ခရိုအေးရှားမှ ကာယန်အသင်း၊ ကိုင်ဇာဆလော့တန်နှင့် ချက်မှတပ်ပလပ်အသင်း၊ ဟာဘာဘာလင်နှင့် ပိုလန်မှ ဂရိုစလင်အသင်း၊ ဟမ်းဘတ်နှင့် ယူကရိန်းမှ ဒနီပရိုအသင်းတို့ကစားရမည်။ **(က–ပ)**

ဘာသာစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၃

Aung Language Centre က ဂျပန်ဘာသာ အလွယ်တကူ အခြေခံပိုင်နိုင်စွာ ပြောဆိုရေးတတ်အောင် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်၈နာရီမှ ၉နာရီခွဲအထိ၊ နံနက်၁၀ နာရီမှ ၁၁နာရီအထိ တစ်ပတ်ငါးရက် တစ်ဦးချင်း သီးသန့်လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

အောက်တိုဘာ၄ရက်တွင် မလေးစကားပြောကို ဆရာစိုးသီဟက ကြာသပတေး၊ စနေ၊ တနင်္ဂနွေ မွန်းတည့် ၁၂နာရီမှ မွန်းလွဲ၁နာရီခွဲအထိ တစ်ပတ်သုံးရက် တတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း၁၊ ရန်ကင်းကြားမှတ် တိုင်အနီး (ရန်ကင်းသဲကွင်းအနီး အမှတ် ၂ ရပ်ကွက်) မင်းထိုက်စာပေအိမ်တွင် စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

ရာဇာနေဝင်း၊ ဝေဠုကျော်၊ ကျော်ရဲအောင်၊ ပုလဲဝင်းတို့ အကြောင်း သတင်းဆောင်းပါးများနှင့်အတူ အနုပညာသတင်းများ ဆဆဆာဆာ တင်ဆက်ထားသည့် အိမ်ရှင်မဂျာနယ် အတွဲ (၃)၊ အမှတ်(၁)မျက်နှာဖုံး။ (က–ပ)

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

တရုတ်ရုပ်ရှင်ပွဲတော်

CHINA FILM FESTIVAL 2003

SEPTEMBER 24 TO 29

GUA SHA-THE TREATMENT	[24-9-2003]
BREAKING THE SILENCE	[25-9-2003]
LITTLE TIGER BANBAN	[26-9-2003]
CROUCHING TIGER, HIDDEN DRAGON	[27-9-2003]
LOVE STORY BY TEA	[28-9-2003]
SIGH	[29-9-2003]

ပွဲချိန်သတ်

ကြိုတင်လက်မှတ်များဝယ်ယူရရှိနိုင်ပါပြီ

နေ့စဉ်(၅)ပွဲပြီ

မြန်မာပြည်တွင် စိုက်ပျိုးရန်သင့်တော်သော ဝင်ငွေကောင်းသည့် သီးနှံသစ် မက္ကဒေးမီးယား

သတင်းဆောင်းပါး – တိုးနိုင်(ရေစကြို)

စာရေးသူသည် ၂၀၀၃ခုနှစ် ဇွန်လ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၏ ပဲခူးတိုင်းအနောက်ပိုင်းသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင် သတင်းမှတ်တမ်းတာဝန်ထမ်းဆောင်ရန်လိုက်ပါစဉ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ပဲခူးတိုင်း ပြည်ခရိုင်ပန်းတောင်းမြို့နယ် ညောင်ကျိုးဒေသ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင် နေသော ကုန်းမြင့်ကော်ဖီစိုက်ခင်းများနှင့် ဝင်ငွေကောင်းသည့် သီးနှံသစ် တစ်မျိုးဖြစ်သည့် မက္ကဒေးမီးယားမျိုးစေ့ခြံတို့ကို ခြေကျင်ခရီးဖြင့် တစ်တောင်ဆင်း တစ်တောင်တက် သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။

ဤတွင် ဝင်ငွေတောင်းသည့် သီးနှံသစ် မက္ကဒေးမီးယားသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးရန်သင့်လျော်သော သီးနှံသစ်တစ်မျိုးဖြစ်ကြောင်းနှင့် မက္ကဒေးမီးယားပင်များ အကြောင်း တင်ပြလိုပါသည်။

ယနေ့ ကမ္ဘာတွင် လူသိနည်းပြီး စိုက်ပျိုးဖြစ်ထွန်းမှု လွယ်ကူ၍ ဝင်ငွေကောင်းသော သီးနှံသစ်တစ်မျိုး ပေါ်ပေါက်လျက်ရှိပြီး ကမ္ဘာတစ်ဝန်း၌ အများအပြား စိုက်ပျိုးနေကြောင်း သိရှိခဲ့ရသည်။ အဆိုပါ သီးနှံသစ်သည် မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။ ၎င်းသီးနှံသည်ကား အစေ့ဆန်သာ စားသုံးရသော မက္ကဒေးမီးယားဟု ခေါ်တွင်သည့် သီးနှံသစ်ပင် ဖြစ်သည်။

အဆိုပါ မက္ကဒေးမီးယားအပင်၏ မူရင်းဒေသမှာ ဩစတြေးလျတိုက် Queenslandဒေသနှင့် New South wales ကမ်းရိုးတန်းဒေသတို့ ဖြစ်သည်။ သို့ဖြစ်၍ အချို့နိုင်ငံများက မက္ကဒေးမီးယားပင်ကို Queensland Nut ဟု ခေါ်တွင်ခဲ့ကြသည်။ ၎င်းမက္ကဒေးမီးယားပင်များကို ၁၈၈၀ ပြည့်လွန်နှစ်များဆီက မြန်မာနိုင်ငံ၌ လေကာပင်အဖြစ် စိုက်ပျိုးနေသော မလေးရှားပိတောက်ကဲ့သို့ မက္ကဒေးမီးယားပင်များကိုလည်း လေကာပင်အဖြစ် အသုံးပြုရန်အတွက် ဟာဝိုင်ယီကျွန်းသို့ စတင် တင်သွင်းစိုက်ပျိုးခဲ့သည်။

ထို့နောက် ဟာဝိုင်ယီတက္ကသိုလ်က ၁၉၃၀ပြည့်နှစ်တွင် စီးပွားရေးတွက်ခြေကိုက်သော Dessert Nut အဖြစ် မျိုးစမ်းသပ်ထုတ်လုပ်ခဲ့ရာ ယနေ့ကမ္ဘာပေါ်တွင်ဟာဝိုင်ယီကျွန်းသည်မက္ကဒေးမီးယားပင်များ အများအပြား စိုက်ပျိုးသည့်ဒေသတစ်ခုဖြစ်လာပြီး မက္ကဒေးမီးယားအစေ့ဆန် အများဆုံးထုတ်လုပ်ရောင်းချသော နေရာဒေသတစ်ခု ဖြစ်လာခဲ့သည်။ ၎င်းကျွန်းသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွားများမှတစ်ဆင့် မက္ကဒေးမီးယားအစေ့ဆန်၏ အရသာကောင်းမွန်မှုမှာကမ္ဘာသို့ ပျံ့နှံ့ခဲ့ပြီး ယခုအခါမြောက်အမေရိကတိုက်၊ အာဖရိကတိုက်၊ နယူးဇီလန် နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအထိကျယ်ပြန့်စွာ စိုက်ပျိုးလာကြပြီ ဖြစ်သည်။

ပဲခူးတိုင်းအနောက်ပိုင်း ပြည်ခရိုင်ပန်းတောင်းမြို့နယ် ညောင်ကျိုးကျေးရွာရှိ မက္ကဒေးမီးယားမျိုးစေ့ခြံ၌ အောင်မြင်ဖြစ်ထွန်းနေသော မက္ကဒေးမီးယားပင်များကို တွေ့ရစဉ်။

နောက်ဆုံးသတင်းအချက်အလက်များအရ မြန်မာနိုင်ငံနှင့် အိမ်နီးနားချင်းနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်တိုးချဲ့ စိုက်ပျိုးခဲ့ရာ များစွာဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ ကမ္ဘာတွင်ရေပန်းစားနေသော မက္ကဒေးမီးယားကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် ကိုက်ညီမှုရှိမရှိ သိရှိနိုင်ရန် ထားဝယ်ခရိုင် ရေဖြူမြို့နယ်၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ် ညောင်ကျိုးဒေသ၊ ညောင်ကျိုးကျေးရွာနှင့် မြစ်ကြီးနားမြို့နယ် မန်ထိန်ကျေးရွာတို့၌ စမ်းသပ်စိုက်ပျိုးခဲ့သည်။ ထားဝယ်ခရိုင်တွင် စမ်းသပ် စိုက်ပျိုးခဲ့သော မက္ကဒေးမီးယားစိုက်ခင်းမှာ အပင်ဖြစ်ထွန်းမှုရှိသော်လည်း သီးပွင့်မှုမရှိ။ ပန်းတောင်း–တောင်ကုတ်ကားလမ်း ညောင်ကျိုးကျေးရွာတွင် စိုက်ပျိုးခဲ့သော အပင်များမှာ ကောင်းစွာဖြစ်ထွန်းပြီး အောင်မြင်မှုရလျက်ရှိကြောင်း သိရှိခဲ့ရသည်။ ထို့အတူ မြစ်ကြီးနားဒေသတွင် စိုက်ပျိုးခဲ့သော အပင်များမှာလည်း အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း သတင်းကောင်း ကြားသိခဲ့ရသည်။

ညောင်ကျိုး မက္ကဒေးမီးယားမျိုးစေ့ခြံသို့ရောက်ရှိခိုက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမြလှိုင်က "မိမိတို့ ညောင်ကျိုး မက္ကဒေးမီးယားမျိုးစေ့ခြံ၌ ယခုအခါ အပင်ကြီး ၁၀၃ ပင် ဖြစ်ထွန်းလျက်ရှိကြောင်း၊ အပင်ကြီးများမှ ရရှိသော မက္ကဒေးမီးယားအသီး၏ အစေ့များကို ပျိုးထောင်ကာ ပျိုးပင်များ စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ဒေသခံ တောင်သူများအား မျိုးလိုအပ်ပါက မျိုးများဖြန့်ဝေပေးလျက်ရှိကြောင်း၊ မက္ကဒေးမီးယားအပင်များကို ၁၉၉၃ ခုနှစ်က နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ ချင်းရွှေဟော် မြို့သစ်တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင် ဖြစ်ထွန်းနေပြီး အသီးအပွင့်များဖြစ်ထွန်းလျက်ရှိကြောင်း" ရှင်းလင်း ပြောကြားခဲ့သည်။

ဝင်ငွေကောင်းသည့် သီးနှံသစ် မက္ကဒေးမီးယားအပင်မှ အသီးသီးပုံ။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တို့သည် မက္ကဒေးမီးယားစိုက်ပျိုးရန် သင့်လျော်သော ရေမြေသဘာဝများ ရှိသဖြင့် ၂၀၀၃ ခုနှစ်တွင် ဧက ၁၀၀၀၊ ၂၀၀၄ ခုနှစ်တွင် ဧက ၂၀၀၀ နှင့် ၂၀၀၅ ခုနှစ်တွင် ဧက ၂၀၀၀၊ စုစုပေါင်းဧက ၅၀၀၀ စိုက်ပျိုးသွားမည်ဖြစ် ကြောင်း သိရှိရသည်။

မက္ကဒေးမီးယားပင်များ စိုက်ပျိုးခြင်း အားဖြင့် လေတိုက်နှုန်းမြင့်မားသော တောင်ပေါ်ဒေသများ၌ လေတိုက်ခိုက်ခြင်းကြောင့် လေစီးနှုန်းနှင့်အတူ မျောပါသွားသော အပေါ်ယံမြေဆီလွှာများထိန်းသိမ်းပေးနိုင်ပြီး တစ်ဖက်မှလည်း ဝင်ငွေရရှိနိုင်သည်။ သီးထွက်နှုန်းအနေဖြင့် ဟာဝိုင်ယီရှိ စနစ်တကျထိန်းသိမ်းထားသော မျိုးသန့်ခြံမှ သုတေသနပညာရှင်များ၏ လေ့လာသုတေသန ပြုချက်အရ တစ်ဧကလျှင် အပင်စိပ်စိပ်စိုက်ပါက အထွက်နှုန်းနည်းပြီး တစ်ပင်နှင့်တစ်ပင် ၃၄ပေX၃၄ပေကွာအဝေးဖြင့် တစ်ဧကလျှင် ၃၇ပင်သာ စိုက်ပျိုးပါက အထွက်နှုန်းအများဆုံးရရှိနိုင်ကြောင်း၊ တစ်ဧကတွင် အခွံပါသော မက္ကဒေးမီးယားအသီးတစ်တန် (ပိဿာ ၆၀၀) မှ ၄ ဒသမ၅ တန် (ပိဿာ ၂၇၀၀) အထိထွက်ရှိကြောင်း၊ အခွံပါသော မက္ကဒေးမီးယားအသီး တစ်တန်လျှင် အစေ့ဆန် (Kernel) ၂၀၀ ကီလိုဂရမ် ရရှိကြောင်းသိရှိရသည်။

မက္ကဒေးမီးယားအစေ့ဆန် ၁၀၀ ဂရမ်လျှင် အင်အားဖြစ်စေသော ကယ်လိုရီ ၆၉၁ ပါဝင်သည်။ ရေဓာတ်သုံးရာခိုင်နှုန်း၊ ပရိုတင်း ရှစ်ရာခိုင်နှုန်း၊ အဆီဓာတ် ၇၁ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ၁၆ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ ပြာဓာတ် ၂ရာခိုင်နှုန်းနှင့်ထုံးဓာတ်၊ ဖော့စဖရိတ်ဓာတ်၊ သံဓာတ်၊ ပိုတက်စီယမ် ဓာတ်များ အနည်းငယ်ပါဝင်ပြီး သိုင်ရာမင်း၊ ရိုင်ဗိုဖလေနိုင်ရာဆင် ဓာတ်များပါပါဝင် သည်။ ထို့အပြင်အဆီဓာတ်တွင် ကိုလက်စထရောပါဝင်မှုမရှိသော (Mono-Umsaturated) ၈၀ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရှိရသည်။

စားသုံးမှုအနေဖြင့် မက္ကဒေးမီးယားအဆန်ကို သဘာဝအဆန်အတိုင်း လှော်၍ ဖြစ်စေ၊ ချောကလက်၊ သကြားလုံး၊ ရေခဲမုန့်တို့တွင် ထည့်သွင်း၍ဖြစ်စေ စားသုံးကြသည်။ အဖြူရောင်၊ အစေ့အဆန်ဖြစ်ပြီး ဆီ၊ ပရိုတိန်းနှင့် အချို(သကြား)ဓာတ်များ၊ ကာဗိုဟိုက်ဒရိတ်ဓာတ်များ ပါဝင်သည်။

မက္ကဒေးမီးယားအဆန်သည်အခြားသော အစေ့အဆန်များကဲ့သို့အဆီအဆိမ့် အချိုလွန်ကဲမှုမရှိဘဲ ကိုလက်စထရောနည်းပါးပြီး စားသုံးရာတွင် အရသာထူးကဲ ကောင်းမွန်ခြင်းကြောင့် ကမ္ဘာ့အနှံ့အပြားတွင် စားသုံးရန် ပထမတန်းအဆင့်ရှိသော အစေ့အဆန်အဖြစ် အသိအမှတ် ပြုထားကြသည်။

ထို့ကြောင့် မက္ကဒေးမီးယားသီးနှံသစ်စိုက်ပျိုးရေး စိတ်ဝင်စားသူများအား မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက လိုအပ်သောအထောက်အကူပစ္စည်းများပံ့ပိုးပေးပြီး စိုက်ပျိုးမှုနည်းပညာ အတွေ့အကြုံရှိပြီးသော ကျွမ်းကျင်ဝန်ထမ်းများနှင့် နည်းပညာများပါ ကူညီပေးသွားမည်ဟုသိရှိရကြောင်း သတင်းပါးလိုက်ရပါသည်။ ။

၂၀၀၃ခုနှစ် ကော့သောင်းခရိုင်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၂၆ရက်က ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာတောင်သူကြီး ဦးကျော်သန်း၏ လယ်မြေ၌ ကျင်းပစဉ်။

(ခရိုင် ပြန်/ဆက်)

မျိုးဆက်ပွားကျန်းမာရေးစီမံချက် ဆရာဖြစ်သင်တန်းဖွင့်လှစ်

ပုသိမ် စက်တင်ဘာ ၁၃

မျိုးဆက်ပွားကျန်းမာရေး စီမံချက် ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်နံနက်က ပုသိမ်မြို့ မြို့တော်ခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနာယက တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်လတ်နှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းသို့ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းနှင့် ဓနုဖြူမြို့နယ်များရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများမှ သင်တန်းသား ၆၀ တက်ရောက်ကြသည်။

(က–ပ)

စက်တင်ဘာ ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးထင်လင်းကျော်နှင့် ဝန်ထမ်းများ တောင်ကြီး–လွိုင်လင် ပြည်ထောင်စုလမ်းမကြီး ဘေးဝန်းကျင်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။ (၁၉၂)

ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှု နည်းပညာပြန့်ပွားရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဘားအံ စက်တင်ဘာ ၁၇

၂၀၀၃–၂၀၀၄ခုနှစ် ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာ ပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ်(၁)ကို စက်တင်ဘာ ၁၅ရက် နံနက်က ဘားအံမြို့ ဥယျာဉ်ခြံသီးနှံသုတေသနနှင့် နည်းပညာပြန့်ပွားရေးခြံ (ဖွဲ့ကပင်ခြံ)တွင် ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချိုထွန်းအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသား ၂၇ဦးတက်ရောက်ပြီး ဆွေးနွေးပွဲကာလမှာ စက်တင်ဘာ ၁၅ရက်မှ ၁၉ရက်အထိ ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စက်တင်ဘာ ၁၁ ရက်က ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်တော်ပြန် ဘုရားကြီးရှေ့ မျက်နှာစာ လမ်းဘေးများတွင် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

စက်တင်ဘာ ၆ ရက်က ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်၊ ဦးစီးအရာရှိ ဦးမောင်မောင်သောင်းနှင့် ဝန်ထမ်းများ အဖွဲ့ပိုင်စိုက်ခင်း၌ သီးနှံများ စိုက်ပျိုးမှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စက်တင်ဘာ ၁၄ရက်က သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံတွင် သောက်သုံးရေအတွက် စက်ရေတွင်းတူးရန် အင်းစိန်မြို့နေ ဦးမိုးကျော်–ဒေါ်အောင်အောင်လွင်မိသားစုနှင့် အင်းစိန် ဈေးသူ ဈေးသားများ စုပေါင်းလှူဒါန်းသော ငွေကျပ် ၃၃၀၀၀၀ ကို အလှူရှင်များ ကိုယ်စား ဦးမိုးကျော်–ဒေါ်အောင်အောင်လွင်မိသားစုက သနပ်ပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအောင်ကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(၃၄၇)

ရှေးဦးပြုစုခြင်းအခြေခံနှင့် သာမန်အဆင့်သင်တန်းဖွင့်

တာချီလိတ် စက်တင်ဘာ ၁၃

တာချီလိတ်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းနှင့်သာမန်အဆင့် သင်တန်းများဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက်က တာချီလိတ် အထက၌ ကျင်းပသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ညွန့်သိန်းက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှ သမားတော်ကြီး ဒေါက်တာမြတ်ချစ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အခြေခံအဆင့် သင်တန်းတွင် သင်တန်းသား ၂၁ ဦး၊ သင်တန်းသူ ၂၃ဦး၊ သာမန်အဆင့်သင်တန်းတွင် သင်တန်းသား၂၀နှင့် သင်တန်းသူ ၂၁ဦးတို့ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေး အသိပေးဆွေးနွေး

ချောင်းဆုံ စက်တင်ဘာ ၁၀

ချောင်းဆုံမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ၂၀၀၃ခုနှစ် မြို့နယ်အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုလုပ်ငန်းများ အသိပေးညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁ရက် နံနက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိမ်းဆွေက အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

